# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ သောကြာနေ့ အတွဲ(၆၆)၊ အမှတ်(၀၃၀)






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## မြန်မာ့သမိုင်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများကို မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ပြီး မြတ်နိုးထိန်းသိမ်းလာစေရန်လို

နေပြည်တော် အောက်တိုဘာ ၂၉

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများ စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများ စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးစခန်းများတွင် 5G ဆက်သွယ်ရေးနည်းပညာ အကောင်အထည်ဖော်နေမှု၊ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်အသုံးပြုနေမှုနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုတို့ကို ယနေ့တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❒



## ဖောင်းပြင်၌ မိုးစပါးများ အောင်မြင်ဖြစ်ထွန်း

ဖောင်းပြင် အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီက စပါးစိုက်ပျိုးရန် မိုးရေလုံလောက်စွာရရှိခဲ့သဖြင့် စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

တောင်သူများအနေဖြင့် မကြာမီရက်ပိုင်းအတွင်း မိုးစပါးများ ရိတ်သိမ်းကြမည်ဖြစ်ပြီး ယခင်နှစ်များထက် အထွက်နှုန်းပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း တောင်သူများက ပြောကြားသည်။

ဖောင်းပြင်မြို့နယ်အနေဖြင့် ယခုနှစ် မိုးစပါးစိုက်ဧကပေါင်း ၄၉၄၅၀ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ဆင်းကေရီ (၃) ၁၅၉၈၅ ဧက၊ ရောမင်း ၁၈၉၉၅ ဧက၊ သုခရင် ၈၆၆၉ ဧက၊ မှော်ဘီ(၂) ၃၆၈၈ ဧက၊ ရွက်သေး ၅၉၉ ဧက၊ ကောက်ညှင်း ၁၅၄၅ ဧက စိုက်ပျိုးခဲ့ပြီး တောင်သူများအတွက် ဓာတ်မြေသြဇာများနှင့် မျိုးစေ့ချကိရိယာများကို ဒေသပေါက်ဈေးနှုန်းအောက် လျှော့ချကာ ရောင်းချပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မြို့နယ်(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော နီကိုးဘားကျွန်းတို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အောက်တိုဘာ ၃၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ


**ယနေ့ ဖတ် စ ရာ**

ကြိုတင်ပြင်ဆင်ထားရမည့် သောက်သုံးရေနှင့် စူပါအယ်လ်နီညို — ဆောင်းပါး — စာ ၁၀

အာကာသလွန်းပျံယာဉ် Endeavour ကို အများပြည်သူ ကြည့်ရှုနိုင်ရန်ပြသသွားမည် — နိုင်ငံတကာသတင်း — စာ ၁၄

အသိအမြင်တွေမှန်ကန်ဖို့ သင်ယူလေ့လာကြပါစို့ — ဆောင်းပါး — စာ ၂၀

# ဗဟုသုတများ ဖြန့်ဝေပညာပေးရာ ပြတိုက်များတွင် ရှာဖွေလေ့လာ

ရှေးအခါက ပြတိုက်များဆိုသည်မှာ ကမ္ဘာတစ်ဝန်းမှ ထူးခြားဆန်းကြယ်သည့် သဘာဝပစ္စည်းများ၊ အဖိုးတန် အနုပညာလက်ရာများ၊ ရှေးဟောင်းပစ္စည်းများကို စုဆောင်း သိုလှောင်ပြသရာ နေရာများဖြစ်ကြပြီး လူတိုင်းနှင့်မသက်ဆိုင်သော နေရာများဖြစ်ကြသည်။ နောင်တွင် ပြတိုက်များသည် အများပြည်သူအကျိုးအတွက် ယဉ်ကျေးမှု၊ သမိုင်း၊ အနုပညာ၊ သိပ္ပံနှင့် သဘာဝဆိုင်ရာ ဒြပ်ရှိနှင့် ဒြပ်မဲ့ အမွေအနှစ်ပစ္စည်းများကို စုဆောင်းထိန်းသိမ်း၊ သုတေသနပြု ခင်းကျင်းပြသ၍ လူထုအား ပညာပေးသောအဖွဲ့အစည်း သို့မဟုတ် နေရာဌာနများ ဖြစ်လာသည်။

ပြတိုက်များသည် စာသင်ခန်းများကဲ့သို့ စာအုပ်ကို အခြေခံ၍ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ အမြင်၊ အကြား၊ အထိအတွေ့နှင့် ကိုယ်တိုင် ပါဝင်ခံစားနိုင်သော နည်းလမ်းများဖြင့် ဗဟုသုတများ ဖြန့်ဝေပညာပေးခြင်းဖြစ်သည်။ ကျောင်းသားလူငယ်များအတွက် သင်ရိုးညွှန်းတမ်းများနှင့်ကိုက်ညီသော အထူးလေ့လာရေးအစီအစဉ်များကို ပြတိုက်များက စီစဉ်ပေးနိုင်ပြီး အနုပညာ၊ ပန်းချီ၊ ရိုးရာလက်မှုပညာ သို့မဟုတ် သိပ္ပံဆိုင်ရာ စမ်းသပ်မှုများကို ကိုယ်တိုင် လက်တွေ့ပြုလုပ်ကြည့်နိုင်သည့် Workshop များကိုလည်း ကျင်းပပေးသည်။ ခေတ်ပေါ် ပြတိုက်များတွင် Touchscreenများ၊ Simulation များ သို့မဟုတ် VR ( Virtual Reality) စနစ်များကို အသုံးပြုပြီး သမိုင်းဝင်နေရာများကို ကိုယ်တိုင်ရောက်ရှိသွားသကဲ့သို့ လေ့လာနိုင်သည့်အပြင် ကလေးငယ်များအတွက် ဂိမ်းများ၊ ဥာဏ်စမ်းပဟေဠိများဖြင့် ပျော်ပျော်ရွှင်ရွှင် သင်ယူနိုင်အောင် စီစဉ်ပေးကြသည်။

“နိုင်ငံ့အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမည့် လူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ယဉ်ကျေးမှုပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများ ဆောင်ရွက်ပေးသွားရန်လိုပြီး တတ်နိုင်ပါက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ ပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယဉ်ကျေးမှုပြတိုက်၊ အမျိုးသားပြတိုက်၊ စစ်သမိုင်းပြတိုက်များသို့ လူငယ်လူရွယ်များ လာရောက်လည်ပတ် လေ့လာကြခြင်းဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုးတို့၏ သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ (National Identity)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာ သာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့် ရိုးရာတန်ဖိုးများကို ပိုမိုနားလည်သဘောပေါက် သိရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စဉ်ဆက်မပြတ် ဆက်လက် လက်ဆင့်ကမ်းထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း”အောက်တိုဘာ ၂၈ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံတွင် သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာနှင့် အမျိုးသားရေး အမွေအနှစ်များကို အကြီးမားဆုံးနှင့် အစုံလင်ဆုံးပြသထားသည့် အမျိုးသားပြတိုက် (ရန်ကုန်)နှင့် အမျိုးသားပြတိုက် (နေပြည်တော်)၊ ပုဂံ၊ မြောက်ဦး၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်များ၊ ရှမ်းပြည်နယ် ယဉ်ကျေးမှုပြတိုက် (တောင်ကြီး)၊ ကချင်ပြည်နယ် ယဉ်ကျေးမှုပြတိုက် (မြစ်ကြီးနား)၊ မွန်ပြည်နယ် ယဉ်ကျေးမှုပြတိုက် (မော်လမြိုင်)၊ တိုင်းရင်းသားကျေးရွာ (ရန်ကုန်) နှင့် (နေပြည်တော်)၊ ရွှေတိဂုံစေတီတော်ဗုဒ္ဓပြတိုက်၊ မဟာမုနိရုပ်ပွားတော်မြတ်ကြီးရှိ ဗုဒ္ဓဝင်ပြတိုက်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) နှင့် (နတ်မောက်)၊ စစ်သမိုင်းပြတိုက် (နေပြည်တော်)၊ အာကာသပြတိုက် (ရန်ကုန်) စသည်ဖြင့် လေ့လာစရာ ပြတိုက်များစွာ ရှိနေသည်။ စာကြည့်တိုက်များကဲ့သို့ပင် ပြတိုက်များသည်လည်း ဗဟုသုတများ ရှာဖွေလေ့လာနိုင်သည့် နေရာများဖြစ်ရာ စေ့စေ့စပ်စပ် လေ့လာမှတ်သား၍ အကျိုးရှိရှိ အသုံးချနိုင်ကြရန် လိုသည်။

ပြတိုက်များကို သွားရောက်လေ့လာခြင်းက စာအုပ်ထဲတွင်သာ ဖတ်ဖူးသည့် သမိုင်းကြောင်း၊ ရှေးဟောင်းပစ္စည်းများနှင့် ရိုးရာယဉ်ကျေးမှုများကို မျက်မြင်ကိုယ်တွေ့ လေ့လာနိုင်ပြီး အတိတ်သမိုင်းကို ပိုမိုနက်ရှိုင်းစွာ နားလည်စေသည်။ နယ်ပယ်စုံမှ အဖိုးတန် အချက်အလက်များ စုစည်းထားရာနေရာဖြစ်သောကြောင့် အသက်အရွယ်မရွေး စဉ်ဆက်မပြတ် သင်ယူမှုကို အထောက်အကူပြုသည်။ ထူးခြားဆန်းသစ်သည့် အနုပညာလက်ရာများ၊ ရှေးဟောင်းပစ္စည်းများနှင့် သိပ္ပံနည်းကျ တီထွင်မှုများကို မြင်တွေ့ရခြင်းက ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းနှင့် အတွေးအခေါ်သစ်များကို ပွင့်လန်းစေသည်။ မိမိတို့၏ ဘိုးဘွားများ ချန်ထားရစ်ခဲ့သည့် အမွေအနှစ်များကို မြင်တွေ့ရခြင်းဖြင့် အမျိုးသားရေးလက္ခဏာကို ပိုမိုတန်ဖိုးထားတတ်လာပြီး မျိုးချစ်စိတ်နှင့် အမျိုးသားရေးဂုဏ်ယူမှုကို တိုးပွားစေသည်ဖြစ်ရာ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ ပြတိုက်များ ကြည့်ရှုလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရပါမည့်အကြောင်း။ ။



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## လှိုင်လင်မြို့နယ် ကျေးရွာနှစ်ရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**လှိုင်လင် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်လင်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် လက်ရှိ ရေအရင်းအမြစ်များ သုံးစွဲနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် ဝန်ထမ်းများက လှိုင်လင်မြို့နယ် တောင်နောက်ကျေးရွာနှင့် နောင်ဟင့်ကျေးရွာ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး လက်ရှိရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှုအခြေအနေများ၊ ဌာနမှဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများ ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးနှင့် အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သူသူငြိမ်း(ကျေးလက်)

## (၂၉-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၂ ~ ၃၆၇၀ | ၅၅၇ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၈၆,၄၉၈.၆၇ | ၁၅,၉၆၁,၉၇၈.၇၀ | ၂၀,၈၈၈,၅၇၅.၈၇ | - |

**၂၉ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀ - ၁၀ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၄၀ | ၄၆၉၅ | ၄၆၄၅ | ၄၅၅၅ | ၄၇၀၀ | ၄၇၁၅ | ၄၇၄၅ | ၄၆၂၅ | ၄၉၉၅ | ၅၀၂၅ | ၄၆၄၅ | ၄၈၀၅ | ၄၇၃၅ | ၄၆၉၅ | ၄၇၀၅ | ၄၉၃၅ |
| 95 Ron | ၄၅၉၀ | ၄၇၄၅ | ၄၆၉၅ | ၄၆၀၅ | ၄၇၅၀ | ၄၇၆၅ | ၄၈၀၀ | ၄၆၇၅ | ၅၀၄၅ | ၅၀၇၅ | ၄၆၉၅ | ၄၈၄၅ | ၄၇၉၀ | ၄၇၄၅ | ၄၇၅၅ | ၄၉၈၅ |
| HSD (500 ppm) | ၄၅၁၅ | ၄၆၆၅ | ၄၆၂၀ | ၄၅၃၀ | ၄၆၇၀ | ၄၆၈၀ | ၄၇၁၅ | ၄၆၀၀ | - | ၄၉၈၀ | ၄၆၂၀ | ၅၂၁၅ | ၄၇၀၅ | ၄၆၆၅ | ၄၆၇၅ | ၄၈၉၅ |
| HSD (50 ppm) | ၅၄၈၀ | ၅၆၃၅ | ၅၅၉၀ | ၅၄၉၅ | ၅၆၄၀ | ၅၆၅၅ | ၅၆၉၀ | ၅၅၆၅ | ၅၉၃၅ | ၅၉၆၅ | ၅၅၉၀ | ၅၇၈၀ | ၅၆၈၀ | ၅၆၃၅ | ၅၆၄၅ | ၅၈၇၅ |
| HSD (10 ppm) | ၅၄၈၀ | ၅၆၃၅ | ၅၅၉၀ | ၅၄၉၅ | ၅၆၄၀ | ၅၆၅၅ | ၅၆၉၀ | ၅၅၆၅ | | ၅၉၆၅ | ၅၅၉၀ | ၅၇၈၀ | ၅၆၈၀ | ၅၆၃၅ | ၅၆၄၅ | ၅၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၁၅ | ၄၄၃၅ |
| 95 Ron | ၄၃၆၅ | ၄၄၈၆ |
| HSD (500 ppm) | ၄၃၀၈ | ၄၄၂၄ |
| HSD (50 ppm) | ၅၂၂၈ | ၅၃၆၂ |
| HSD (10 ppm) | ၅၂၂၈ | ၅၃၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၁၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

❖ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မြတ်နိုးထိန်းသိမ်းမြှင့်တင်**

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်ပရိသတ်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်များအားလုံး မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သပါကြောင်း။

**အောင်မြင်စွာကျင်းပနိုင်ခဲ့**

ယနေ့အခမ်းအနားသည် ပြိုင်ပွဲဝင်အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုသည့်အခမ်းအနားဖြစ်သကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြရန် အားပေးတိုက်တွန်းသည့် အခမ်းအနားလည်းဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို မျိုးဆက်သစ်လူငယ်များ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အပေါ် မြတ်နိုးတန်ဖိုးထားမှုများ ပိုမိုရှင်သန်လာစေရန်ရည်ရွယ်ပြီး နိုင်ငံတော်အဆင့်အဖြစ် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုပါက (၂၇)ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယခင်နှစ် (၂၆)ကြိမ်မြောက်ပြိုင်ပွဲတွင် မန္တလေးငလျင်ကြီးကြောင့် ပြိုင်ပွဲအမျိုးအစားအချို့ မကျင်းပနိုင်ခဲ့သော်လည်း အနုပညာရှင် ၁၇၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ် ၃၁၃ ဆု ချီးမြှင့်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဝါသနာရှင်အဆင့်ပြိုင်ပွဲများ၊ ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲများကို ပြန်လည်ထည့်သွင်းကျင်းပနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲဝင်အနုပညာရှင် ၂၃၄၆ ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ယင်းသည် မြန်မာ့ရိုးရာအနုပညာကို *စာမျက်နှာ ၄ သို့*

❖ **ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများကြားတွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်**

❖ **မိမိတို့ နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန်ဆိုပါက မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးလေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန်လိုအပ်**

❖ **ယင်းစိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့် မြှင့်တင်ပေးနိုင်မည်ဆိုပါက ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး အကျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ပိုမိုခိုင်မာလာမည်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မွန်ပြည်နယ် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



ဒုတိယသမ္မတ ဦးညိုစော ကချင်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒေါ်နန်းနီနီအေး ကဗျာလွတ်အကပြိုင်ပွဲတွင် ပထမဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

ချစ်မြတ်နိုးသည့်သူများ၊ အထူးသဖြင့် မျိုးဆက်သစ် လူငယ်များကြားတွင် စိတ်ဝင်စားမှုနှင့် ပါဝင်မှုတိုးမြင့်လာသည်ကို ဖော်ပြနေကြောင်း။

ပြိုင်ပွဲဝင် အနုပညာရှင်အားလုံး၏ ကြိုးပမ်းအားထုတ်မှု၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၏ တာဝန်ကျေပွန်မှုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုကြောင်း၊ အနုပညာကိုချစ်မြတ်နိုးပြီး အားပေးကြသည့် ပရိသတ်အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း။

**ဆက်လက်လေ့လာလေ့ကျင့်**

ထို့အပြင် ယခုနှစ်တွင် မျိုးဆက်သစ်လူငယ်များ ဆုပိုမိုရရှိလာသည်ကို တွေ့ရသည့်အတွက်လည်း ချီးကျူးဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ မှာကြားလိုသည်မှာ ဆုရရှိခြင်းသည် မိမိတို့၏ ကြိုးစားအားထုတ်မှုအတွက် ထိုက်တန်သည့် အသိအမှတ်ပြုမှုဖြစ်သကဲ့သို့ မိမိတို့ တတ်မြောက်ထားသည့် အနုပညာရပ်များကို ပိုမိုတိုးတက်အောင် ဆက်လက်လေ့လာလေ့ကျင့်ပြီး အနာဂတ်မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်ရန်လည်း အရေးကြီးသည့်တာဝန်တစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက သဘာဝသယံဇာတ၊ ခေတ်မီနည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သကဲ့သို့ နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်များကို ရှင်သန်စေမည့် အမျိုးသားယဉ်ကျေးမှုအခြေခံများ ခိုင်မာရန်လည်းလိုအပ်ကြောင်း။

**တန်ဖိုးရှိသော အနုပညာအမွေအနှစ်**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုဟူသည့်နေရာတွင် ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် လူမှုကျင့်ဝတ်များသာမက မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ် တေးသီချင်း၊ မြန်မာ့မူဟန်အက၊ ရိုးရာတူရိယာ၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့ အပါအဝင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာသည့် တန်ဖိုးရှိသော အနုပညာအမွေအနှစ်များကိုလည်း ဆိုလိုကြောင်း၊ အထူးသဖြင့် ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်တို့မှတစ်ဆင့် အကျိုးအကြောင်း အဆိုးအကောင်းနှင့် မင်္ဂလာတရားများကို သင်ယူနိုင်ကြောင်း။

ယင်းပြိုင်ပွဲကြီးများသည် အနုပညာဆိုင်ရာပြိုင်ပွဲဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်သစ်အနုပညာရှင်မောင်နှမများ ပေါင်းကူးယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများ ယဉ်ကျေးမှုနှင့် ချစ်ကြည်ရင်းနှီးမှုပေါင်းစည်းသည့်ပွဲဟု ဆိုနိုင်ကြောင်း။

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများကြားတွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နေကြသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန်ဆိုပါက မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ *စာမျက်နှာ ၅ သို့*



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ အဆို(မဟာဂီတ)ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရ မသင်းသင်းခိုင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး အဆို(မဟာဂီတ) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရ မောင်မြင့်နိုင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အဆိုပြိုင်ပွဲ(ခေတ်ဟောင်း/ကာလပေါ်) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ဒေါ်ကေရီဗိုလ်ဗိုလ်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး အဆို (အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး) ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ စောဝင်းမိုးခန့်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း အဆို (အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး) ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မဖြိုးဇင်မီကျော်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲတွင် ပထမဆုရ သဘင့်မာန်ဟုန်ရွှေရန်ကုန်အဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အကပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ မောင်တိုးပွားအောင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ မောင်ဇော်လင်းထွန်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ပထမဆုရ ဦးနိုင်လင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် စောင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ပထမဆုရ မယွန်းရတီထွန်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ် ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

အမျိုးသားရေးစိတ်ဓာတ်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးလေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန် လိုအပ်ကြောင်း၊ ယင်းစိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့် မြှင့်တင်ပေးနိုင်မည်ဆိုပါက ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး အကျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း။

**ရေရှည်ရှင်သန်ဖွံ့ဖြိုးလာမည်**

ထို့ကြောင့် မြန်မာ့သမိုင်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများကို မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ပြီး မြတ်နိုးထိန်းသိမ်းလာစေရန် လိုအပ်ကြောင်း၊ အလားတူ ဝါရင့်အနုပညာရှင်ကြီးများ၏ ပညာနှင့်အတွေ့အကြုံများကိုလည်း လူငယ်များထံ လက်ဆင့်ကမ်းပေးကြရမည်ဖြစ်ကြောင်း၊ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် လက်တွေ့လေ့ကျင့်သင်ယူမှုနှင့် ဆရာတပည့် အစဉ်အလာကို အခြေခံသောကြောင့် ပညာရှင်ကြီးများ၏ သင်ကြားပြသမှုနှင့် လူငယ်များ၏ ကြိုးစားသင်ယူမှုတို့ ပေါင်းစပ်မှသာ ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မဟာဂီတ၊ ရိုးရာတူရိယာ၊ မြန်မာ့မူဟန်အက၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့၏ တန်ဖိုးရှိသည့် အနုပညာလက်ရာများကို ခေတ်မီဒီဂျစ်တယ်နည်းပညာဖြင့် စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်းပြီး မျိုးဆက်သစ်

ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ စိုးဝင်း ပတ္တလား အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ပထမဆုရ မခိုင်ဇာဝင်းဖိုလ် အား ဂုဏ်ပြု ဆုတံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုး တယော အတီးပြိုင်ပွဲ ဝါသနာရှင် အဆင့် (ပထမတန်း)တွင် ပထမဆုရ ဒေါ်သဥ္စာလင်း အား ဂုဏ်ပြုဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

များ လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ပိုမိုခိုင်မာအောင်ဆောင်ရွက်**

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို အပြန်အလှန်လေးစားပြီး ပြည်ထောင်စု စည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ကြရန်၊ ခေတ်မီနည်းပညာများကို အကျိုးရှိရှိ အသုံးချပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်သမ္မတက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**❖ ပြိုင်ပွဲကြီးများသည် အနုပညာဆိုင်ရာ ပြိုင်ပွဲဖြစ်သကဲ့သို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်သစ်အနုပညာရှင်မောင်နှမများ ပေါင်းကူးယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ ယဉ်ကျေးမှုနှင့် ချစ်ကြည်ရင်းနှီးမှုပေါင်းစည်းသည့်ပွဲဟုဆိုနိုင်**

**ဖျော်ဖြေကပြတင်ဆက်**

ထို့နောက် "သယံဇာတပေါကြွယ်ဝသည့်ပြည်နယ်" ဟု အဓိပ္ပာယ်ရရှိသည့် ကချင်ပြည်နယ် ကချင်ရိုးရာ "ဆွတ်ငိုင်မုန်း"အကဖြင့် ကချင်တိုင်းရင်းသားရိုးရာ အကအဖွဲ့က ဖျော်ဖြေကပြ တင်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညိုစောက ကချင်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင် အထူးဆု၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အဖွဲ့များကိုလည်းကောင်း၊ ဒုတိယသမ္မတ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒေါ်နန်းနီနီအေးက ကဗျာလွတ် အကပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အဖွဲ့များကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက အဆို(မဟာဂီတ)ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက အဆို(မဟာဂီတ) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဆို(ခေတ်ဟောင်း/ကာလပေါ်) ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား/အမျိုးသမီး) အဆင့်တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ပြိုင်ပွဲဘာသာရပ်နှင့် အဆင့်အလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲတွင် အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကိုယ်စားပြုပြိုင်ပွဲဝင်များက သီဆိုကပြ တီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆုတံဆိပ်ရရှိမှုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ၁၅၁ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀၇ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ၄၉ဆု၊မကွေးတိုင်းဒေသကြီးမှ ဆု ၃၀ ၊ ပဲခူးတိုင်းဒေသကြီးမှ ဆု ၄၀၊ မွန်ပြည်နယ်မှ ၃၄ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၃ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၉ ဆု၊ ကရင်ပြည်နယ်မှ ဆု ၂၀၊ ကယားပြည်နယ်မှ ၁၄ ဆု၊ ချင်းပြည်နယ်မှ ၁၁ ဆု၊ ကချင်ပြည်နယ်မှ ကိုးဆု၊ ရှမ်းပြည်နယ်မှ ခြောက်ဆုနှင့် ရခိုင်ပြည်နယ်မှ ရှစ်ဆုရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

## ပြိုင်ပွဲကြီး၏ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်စေရေးအတွက် ပညာရှင်ကြီးများအားလုံးက ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုသည်ကို အလေးအနက်ပြောကြားလို

**နေပြည်တော် အောက်တိုဘာ ၂၉**

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၁(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝမ်းမြောက်ဂုဏ်ယူနေ**

ဦးစွာ နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးရည်မှန်းချက်ကို ဖော်ဆောင်ပေးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်အဖွဲ့ဝင်များအားလုံးလည်း နိုင်ငံတော်အစိုးရနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူနေကြမည်ဟု ယုံကြည်ကြောင်း။

- **နိုင်ငံတော်အနေဖြင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို တစ်နှစ်ထက် တစ်နှစ် အသွင်သဏ္ဌာန်ရော အနှစ်သာရပါပိုမိုပြီး အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျင်းပပေးလျက်ရှိ**
- **ဆုရရှိမှုကိုကြည့်မည်ဆိုပါကလည်း ရွှေတံဆိပ်ဆု ၁၉၅ ခု၊ ငွေတံဆိပ်ဆု ၁၆၇ ခု၊ ကြေးတံဆိပ်ဆု ၁၆၅ ခု၊ နှစ်သိမ့်ဆု နှစ်ခုနှင့် အထူးဆု နှစ်ခု စုစုပေါင်း ၅၃၁ ဆုအထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့သောကြောင့် အားကျေနပ်ဖွယ်ရာဖြစ်ကြောင်းကို တွေ့ရှိရ**
- **လူငယ်အချို့ ခေတ်ရေစီးကြောင်းနောက်ကို လိုက်ပါရင်း ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို လျစ်လျူရှုလာနိုင်သည့်အတွက် ယင်းအခြေအနေကို ပေါ့ပေါ့ဆဆ မထားကြရန်လို၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ အောင်မြင်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပိုမိုရှင်သန်ထွန်းကားလာစေရေး အနုပညာရှင်ကြီးများအနေဖြင့် မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေး**

ယခုကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများ၏ ကြီးကြပ်ဆောင်ရွက်ပေးမှု၊ ပြိုင်ပွဲဝင်မျိုးဆက်သစ် အနုပညာရှင်လူငယ်များ၏ တက်တက်ကြွကြွ ကြိုးပမ်းအားထုတ် ပါဝင်ယှဉ်ပြိုင်မှုများကြောင့် မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဆုရရှိမှုကိုကြည့်မည်ဆိုပါကလည်း ရွှေတံဆိပ်ဆု ၁၉၅ ခု၊ ငွေတံဆိပ်ဆု ၁၆၇ ခု၊ ကြေးတံဆိပ်ဆု ၁၆၅ ခု၊ နှစ်သိမ့်ဆု နှစ်ခုနှင့် အထူးဆု နှစ်ခု စုစုပေါင်း ၅၃၁ ဆုအထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့သောကြောင့် အားရကျေနပ်ဖွယ်ရာဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အနေဖြင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် အသွင်သဏ္ဌာန်ရော အနှစ်သာရပါပိုမိုပြီး အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲကြီး၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်စေရေးအတွက် ပညာရှင်ကြီးများအားလုံးက ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုသည်ကို အလေးအနက်ပြောကြားလိုကြောင်း။

**စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး တည်ဆောက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း လိုအပ်သည့် မိမိတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု အစဉ်အလာများ၊ လူမှုရေးကျင့်ဝတ်နှင့်တန်ဖိုးများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရေးတို့ကိုလည်း စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နှစ်စဉ်ကျင်းပပေးလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများလည်း ပါဝင်ကြောင်း။

၂၁ ရာစုခေတ်တွင် ဆက်သွယ်ရေးနှင့်နည်းပညာ ပေါင်းစပ်နိုင်မှုကြောင့် အင်တာနက်ကို ကောင်းစွာအသုံးပြုလာနိုင်သကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုများသည် နယ်စည်းမခြားတိုးပွားလာနေကြောင်း၊ ယင်းအခြေအနေတွင် မျိုးဆက်သစ်လူငယ်များ၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်မာရှင်သန်နေစေရေး အနုပညာရှင်များနှင့် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်း**

**လူငယ်အချို့ ခေတ်ရေစီးကြောင်းနောက်ကို လိုက်ပါရင်း ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို လျစ်လျူရှုလာနိုင်သည့်အတွက် ယင်းအခြေအနေကို ပေါ့ပေါ့ဆဆ မထားကြရန်လိုအပ်ကြောင်း၊** မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ အောင်မြင်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပိုမိုရှင်သန်ထွန်းကားလာစေရေး အနုပညာရှင်ကြီးများအနေဖြင့် မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

အနုပညာရှင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းနေမှုသည် အနာဂတ်နိုင်ငံတော်အတွက် ထူးခြားကောင်းမွန်သည့် အစဉ်အလာများပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးများ၏ အကျိုးကျေးဇူးကြောင့်လည်း ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အနုပညာရှင်များ အများအပြားပေါ်ထွန်းလာနေသည်မှာ အားရဖွယ်ရာဖြစ်ကြောင်း၊ ယင်းသည် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများထံမှ အနုပညာအမွေများကို လက်ဆင့်ကမ်းပေးအပ်နိုင်မည့် အမွေခံထိုက်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၆ မှ*

ပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

**အားရကျေနပ်ဖွယ် တွေ့မြင်ကြရမည်**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် ပြိုင်ပွဲကြီးကြပ်သူ ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ မျိုးဆက်သစ် အနုပညာရှင်များအားလုံးနှင့် အနုပညာမျိုးဆက် အဆက်ဆက်အတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေပြီး နိုင်ငံနှင့်လူမျိုးအတွက်ပါ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

◆ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် ပြိုင်ပွဲကြီးကြပ်သူ ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ မျိုးဆက်သစ်အနုပညာရှင်များအားလုံးနှင့် အနုပညာမျိုးဆက် အဆက်ဆက်အတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေပြီး နိုင်ငံနှင့်လူမျိုးအတွက်ပါ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်ကြရမည်**

ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်အောင်ကျင်းပပြီး ပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများ ကျယ်ပြန့်နက်ရှိုင်းစွာ တိုးပွားဖြစ်ထွန်းလာစေရေး ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများအနေဖြင့် မျိုးဆက်သစ် အနုပညာရှင်များအပေါ် သားသမီးများသဖွယ် မေတ္တာထားပြီး အနုပညာအမွေ ဆက်လက်ဖြန့်ဝေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီခဲ့ကြသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများနှင့် ပါဝင်ဆောင်ရွက်သူအားလုံးကို ထပ်မံကျေးဇူးတင်ဂုဏ်ပြုလိုကြောင်း၊ လေးစားဂုဏ်ယူရသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်ကြပါစေကြောင်း၊ မိမိတို့ အသက်ထက်ဆုံး လေးစားမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာအနုပညာရပ်များ ရှေးရိုးအစဉ်အလာမပျက် ဆက်လက်ရှင်သန်ထွန်းကားနေစေရေး အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးနိုင်ကြပါစေကြောင်း၊ မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များ နောင်မျိုးဆက်များအထိ ဆက်လက်ရှင်သန်ထွန်းကားပြီး မျိုးဆက်သစ်အနုပညာရှင်များလည်း အဆက်မပြတ်ပေါ်ထွန်းလာကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်သမ္မတက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါ်ရွှေကူနန်းနွဲ့နွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါက်တာ မောင်မောင်လတ်၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများကိုယ်စား ရှမ်းပြည်နယ်မှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနားမှူးများကိုယ်စား အခမ်းအနားမှူးတစ်ဦးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင်များကိုယ်စား အကဲဖြတ်ပညာရှင် အလင်္ကာကျော်စွာ မြင်းမူ မောင်နိုင်မိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

**သီဆို၊ ကပြ ဖျော်ဖြေ**

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် ကျေးလက်ရိုးရာအကအဖွဲ့များ၊ အနုပညာရှင်ကြီးများက တေးသံသာများဖြင့် သီဆို၊ ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ကြရာတွင် ဝါရင့်တေးသံရှင် စည်သူဒေါ်ထားက အဆို ပြိုင်ပွဲ (ခေတ်ဟောင်း/ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မတိမ်ပန်းချီမိုးဆန်း နှင့်တွဲဖက်၍လည်းကောင်း၊ ဝါရင့်တေးသံရှင် တက္ကသိုလ်လဲ့လဲ့က အဆိုပြိုင်ပွဲ (ခေတ်ဟောင်း/ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ပထမဆုရရှိခဲ့သည့် မသျှန်ယွန်းဖြူနှင့်တွဲဖက်၍လည်းကောင်း မျိုးဆက်သစ်များသို့ အနုပညာအမွေ လက်ဆင့်ကမ်းကာ ပါဝင်သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ထို့နောက် လက်ဆင့်ကမ်းအမွေအစီအစဉ်အဖြစ် အသက် ၆၈ နှစ်ရှိ သဘင်ပညာရှင်ကြီး ဦးချမ်းသာနှင့် အသက် ၆၂ နှစ်ရှိ သဘင်ပညာရှင်ကြီး ဒေါ်နန်းခင်မွှေးတို့နှင့်အတူ လက်ဆင့်ကမ်းအမွေကိုဆက်ခံကြမည့် မျိုးဆက်သစ်လူငယ်လေးများဖြစ်ကြသည့် သဘင်ပညာရှင် တက္ကသိုလ်အားမာန်နှင့် ဝင်းသပြေထွန်း(ယဉ်ကျေးမှု)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ ကရင်ပြည်နယ်မှ မောင်မင်းကျဲညာဏ်ချမ်းနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်မှ မချောစုထွေးတို့က ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတက အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကျေးလက်ရိုးရာအကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ် (၁) နှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့်အတွက် ဝမ်းမြောက်စွာ ဂုဏ်ယူကြိုဆိုပါကြောင်း၊ လွှတ်တော်များ၏ သက်တမ်းသည် နုနယ်သေးသည့်အတွက် ပြည်သူများအနေဖြင့် လွှတ်တော်များ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များအကြောင်းကို သိရှိသူနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ယခုလိုတွေ့ဆုံစဉ် လွှတ်တော်များ၏ဆောင်ရွက်ရသည့်လုပ်ငန်းတာဝန်များအကြောင်းကို အနည်းငယ်ပြောကြားလိုပါကြောင်း၊ လွှတ်တော်နှစ်ရပ်စနစ်ကျင့်သုံးသည့် နိုင်ငံဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွှတ်တော်တစ်ရပ်စီ ရှိကြပါကြောင်း၊ အဆိုပါလွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားစီဆောင်ရွက်ရသော်လည်း ဥပဒေပြုခြင်း၊ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းစသည့်လုပ်ငန်းတာဝန်များတွင် တူညီကြပါကြောင်း။

မိမိတို့လွှတ်တော်များအနေဖြင့် နိုင်ငံသူ နိုင်ငံသားများအားလုံး ဥပဒေ၏ အကာအကွယ်အောက်တွင် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ပြီး အကျိုးစီးပွား ဖြစ်ထွန်းစေရန် လက်ရှိတည်ဆဲဥပဒေများကို ခေတ်ကာလနှင့်ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုတာဝန်ကိုလည်းကောင်း၊ မိမိတို့ မဏ္ဍိုင်ကြီး(၃) ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွတ်လပ်စွာ ရပ်တည်ကြသော်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်းတာဝန်ကိုလည်းကောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်း တာဝန်ကိုလည်းကောင်း စသည်ဖြင့် အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများက အဓိက ဆောင်ရွက်လျက်ရှိကြပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မိမိတို့ လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များသည် ပြည်သူကို ကိုယ်စားပြုသည့်နေရာ၊ ပြည်သူ့အသံကိုဖော်ဆောင်ပေးသည့်နေရာဖြစ်၍ မိမိတို့ဒေသ၏ ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ ယနေ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း စာကိုကြိုးစားသင်ယူပြီး အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်မှ အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးပညာရှင်၊ ဥပဒေပညာရှင် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်လာစေရန် ကြိုးစားဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ လှတင့်၊ ပြည်သူ့လွှတ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းထွန်းဦးနှင့်အဖွဲ့ဝင် ဒေါက်တာကျော်ဆွေ၊ ခရမ်းမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးဝင်းဆွေ၊ ဦးအောင်သီဟနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအတွက် နှစ်နိုင်ငံ ရေးထိုးထားသည့် Roadmap ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယမန်နေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးက မိမိတို့နိုင်ငံတွင် နျူကလီးယား နှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးမှ လျှပ်စစ်ဓာတ်အား အဓိက ထုတ်လုပ်ကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံနှင့်စပ်လျဉ်း၍ အတွေ့အကြုံများစွာရှိကြောင်း၊ သဘာဝဓာတ်ငွေ့ကို ရုရှားနိုင်ငံမှ ဝယ်ယူသုံးစွဲနေရသဖြင့် ရှာဖွေထုတ်လုပ်ရေးပိုင်းတွင် အတွေ့အကြုံ မရှိသော်လည်း သဘာဝဓာတ်ငွေ့ ပို့လွှတ်ဖြန့်ဖြူးမှုနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်၊ ဖြန့်ဖြူးမှုတို့တွင် မိမိတို့ အနေဖြင့် အကောင်းဆုံးသော နည်းပညာများ ရှိပြီးဖြစ်သဖြင့် လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားသည်။



ထို့အတူ ပြည်ထောင်စုဝန်ကြီးက နျူကလီးယားဓာတ်အားပေးစက်ရုံလည်ပတ်နိုင်ရန်အတွက် ပရော်ဖက်ရှင်နယ် ကျွမ်းကျင်လုပ်သားများနှင့် အင်ဂျင်နီယာများအား လေ့ကျင့်ပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ ဓာတ်အားပေးစက်ရုံများသို့ On Job Training စေလွှတ်သွားလိုကြောင်း၊ မကြာမီအချိန်တွင် မြန်မာနိုင်ငံ၌ ၅၀၀ ကေဗွီဓာတ်အားလိုင်း စနစ်ကို စတင်အသုံးပြုတော့မည် ဖြစ်သည့်အတွက် ပို့လွှတ်ရေးနှင့် စောင့်ကြည့် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ပိုမိုစနစ်ကျနိုင်ရန်အတွက် ကျွမ်းကျင်သော အင်ဂျင်နီယာများကို စေလွှတ်၍ လုပ်ငန်းခွင် လက်တွေ့သင်တန်းများ သင်ကြားပေးစေလိုကြောင်း၊ မဟာဓာတ်အားလိုင်းများ အပါအဝင် ဓာတ်အားလိုင်းများနှင့် Switchyard များ ၊ Transformer များတွင် နည်းပညာဆိုင်ရာ ဓာတ်အားလေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ မိမိတို့ အသုံးပြုနေသည့် သက်တမ်းကြာမြင့်နေပြီဖြစ်သော High Tension ကေဘယ်ကြိုးများကို ဘယ်လာရုစ်သမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လျှပ်ကူးမှုပိုမိုကောင်းမွန်ပြီး ကြံ့ခိုင်မှုကောင်းသည့် Composite ကေဘယ်များဖြင့် အစားထိုးလဲလှယ် အသုံးပြုသွားရန် စိတ်ဝင်စားကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ ဆုံးရှုံးလေလွင့်မှုများ လျှော့ချနိုင်ရေးအတွက် အမြန်ဆုံး ပူးပေါင်း ဆောင်ရွက်သွားလိုကြောင်း၊ ဓာတ်မြေသြဇာစက်ရုံများ၏ စွမ်းဆောင်ရည် မြင့်မားရေး၊ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သွား လိုပါကြောင်း ပြောကြားပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင့်စ်မြို့ရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကဏ္ဍတွင် အသုံးပြုသည့် ထရန်စဖော်မာများ ထုတ်လုပ်သည့်စက်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားဖြန့်ဖြူးသည့် ကွန်ရက်များအား Design ပြုလုပ်သည့် ဌာန၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ ပို့လွှတ်၊ ဖြန့်ဖြူးနေသည့် Control Center များ၊ လျှပ်စစ်ကေဘယ်ကြိုးများ ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ရေနံဓာတုဗေဒလုပ်ငန်းတို့ကို သွားရောက်လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❒ ***ရှေ့ဖုံးမှ***

ထိုသို့ ကြည့်ရှုစဉ် မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိသူများက 5G ဆက်သွယ်ရေးကွန်ရက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စခန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ကွန်ရက်လွှမ်းခြုံမှု တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များနှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက 5G ဆက်သွယ်ရေး နည်းပညာသည် မြန်နှုန်းမြင့်ဒေတာ ဆက်သွယ်မှု၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက် ဖလှယ်မှုနှင့် ဒီဂျစ်တယ်နည်းပညာအခြေပြု ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် နည်းပညာ တစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ 5G ဆက်သွယ်ရေး ကွန်ရက်များ အကောင်အထည် ဖော်ရာတွင် နည်းပညာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ကွန်ရက် တည်ငြိမ် ကောင်းမွန်မှုနှင့် ဝန်ဆောင်မှုအရည်အသွေး ပြည့်မီစေရန်၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ထိန်းသိမ်းပြုပြင်မှုများကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

5G ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုး တိုးတက်လာခြင်းသည် ဒီဂျစ်တယ်စီးပွားရေး၊ စမတ်မြို့ပြ ဖွံ့ဖြိုးရေး၊ အင်တာနက်အခြေပြု ဝန်ဆောင်မှုများနှင့် နည်းပညာ အသုံးချလုပ်ငန်းများ တိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်သဖြင့် ဆက်သွယ်ရေး ကွန်ရက်များ အရည်အသွေး



ပြည့်မီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် မိုဘိုင်း ဆက်သွယ်ရေး အော်ပရေတာများ မှ ဆောင်ရွက်သူများအနေဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရိုအား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)



ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး မူဘောင်အောက်တွင် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၊ အထူးသဖြင့် ပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပိုမိုခိုင်မာစေရေးနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံ မူဘောင်အောက်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ထိန်းသိမ်းနိုင်မည့် နည်းလမ်းများ၊ မကြာမီကျင်းပမည့် (၄၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရ၏ “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး” နှင့် “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး” အတွက် ဦးစားပေးရည်မှန်းချက် နှစ်ရပ်ထားရှိကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများ၊ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ပြည်ပမှ လက်ခံရရှိသည့် လူသားချင်းစာနာမှု အကူအညီများအပြင် အစိုးရအနေဖြင့် မိမိတို့၏ အရင်းအမြစ်များကို အသုံးပြု၍ ပြည်သူများအတွက် ကူညီပံ့ပိုးပေးနေမှုများ၊ ပြည်တွင်းရှိ ပြည်သူများနှင့် ပြည်ပရှိ မြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက်ပေးမှုများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံမူဘောင်အောက်တွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့်ပတ်သက်၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အလေးထားပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်သည့် နောက်ဆုံးခရီးစဉ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အကူအညီလိုအပ်သူများထံသို့အကူအညီပေးအပ်ရေး လုပ်ငန်းစဉ်များကို လေ့လာကြည့်ရှုခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ယခုခရီးစဉ်အတွင်း လေ့လာသိရှိခဲ့ရမှုများကို မကြာမီကျင်းပမည့် (၄၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများကို ပြန်လည်ဖော်ဆောင်နိုင်မည့် မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီများ ပိုမိုပေးအပ်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံမူဘောင်အောက်တွင် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ MGallery Sofitel ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖိလစ်ပိုင်နိုင်ငံအစိုးရက လှူဒါန်းသည့် RC တစ်ထပ် သာသနိကအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားနှင့် ယခင်လှူဒါန်းထားသော အသင့်တပ်ဆင်စာသင်ကျောင်းဆောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၉**

မန္တလေးငလျင်ကြီး ပြန်လည်ထူထောင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံအစိုးရက AHA Centre မှတစ်ဆင့် အသင့်တပ်ဆင်စာသင်ကျောင်းဆောင် (Prefabricated School) ကိုးဆောင်နှင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နေပြည်တော် ပျဉ်းမနားမြို့နယ် ကိုးခမ်းကြီး ဘုန်းကြီးကျောင်း၌ အလျားပေ ၅၀၊ အနံ ပေ ၃၀ အကျယ်အဝန်းရှိ RC တစ်ထပ် သာသနိက အဆောက်အအုံ တစ်လုံးတို့ကို လှူဒါန်းခဲ့ရာ အဆိုပါ သာသနိက အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ကိုးခမ်းကြီး ဘုန်းကြီးကျောင်း သာသနိက အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်နှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီး မစ္စမာရီယာ ထရက်ဆာ ပရဲညို လာဇာရို ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ တာဝန်ရှိသူများ၊ AHA Centre မှ အမှုဆောင်ဒါရိုက်တာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




လွှဲပြောင်း ပေးအပ်ပွဲ၌ ပြည်ထောင်စုဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံအစိုးရသည် မန္တလေးငလျင်ဘေး အရေးပေါ် တုံ့ပြန်ရေးကာလအတွင်း၌ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆေးအဖွဲ့များ စေလွှတ်ကူညီခဲ့ရုံမျှမက ငလျင်ဘေး ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အသင့်တပ်ဆင် စာသင်ဆောင်များ၊ သာသနိက အဆောက်အအုံနှင့် လှူဖွယ်ပစ္စည်းများကိုပါ ထောက်ပံ့လှူဒါန်းခဲ့သည့်အတွက် ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် ပြည်သူများအား အထူး ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အားလျော်စွာ နှစ်နိုင်ငံအကြား အပြန်အလှန် လေးစားမှုများဖြင့် ကာလရှည်ကြာချစ်ကြည်ရင်းနှီးကြသည့် မိတ်ဖက်နိုင်ငံများဖြစ်ကြပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး (No One Left Behind) မူဖြင့် ကဏ္ဍစုံမှ ထည့်သွင်းစဉ်းစားထောက်ပံ့ကူညီမှုများကို အသိအမှတ်ပြု ဂုဏ်ယူပါကြောင်းနှင့် လှူဒါန်းမှု ဖြစ်မြောက်စေရေးအတွက် AHA Centre ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရိုက ကျေးဇူးတင်စကားပြောကြားရာတွင် ဖိလစ်ပိုင်နိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်များကို မကြာခဏ တွေ့ကြုံခံစားရလေ့ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ငလျင်ဘေးသင့်သူများ၏ ထိခိုက်ဝမ်းနည်းမှုများကို ထပ်တူခံစားမိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ကဏ္ဍစုံပါဝင်သည့် လှူဒါန်းမှုများသည် ဘေးသင့်ပြည်သူများအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးရှိထိရောက်ကြောင်း မြင်တွေ့သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၇၀)ပြည့်မြောက်သည့် အခါသမယတွင် လာရောက်လွှဲပြောင်း လှူဒါန်းရသည့်အတွက်လည်း အထူးဂုဏ်ယူမိပါကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် AHA Centre ၏ အမှုဆောင်ဒါရိုက်တာက လှူဒါန်းတည်ဆောက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးတို့က လှူဒါန်းပစ္စည်းများ လွှဲပြောင်းခြင်း၊ ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့ အထက (သပြေပင်)ကျောင်းသို့ သွားရောက်၍ ဖိလစ်ပိုင်နိုင်ငံအစိုးရက လှူဒါန်းထားသည့် အသင့်တပ်ဆင် စာသင်ဆောင်အား လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျောင်းသုံးပစ္စည်းများ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၉-၁၀-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက်မြို့ | ၃၇.၂ | ၉၉.၀ |
| ၂။ | စစ်ကိုင်းမြို့ | ၃၇.၀ | ၉၈.၆ |
| ၃။ | မြင်းမူမြို့ | ၃၆.၈ | ၉၈.၂ |
| ၄။ | ပဲခူးမြို့ | ၃၆.၆ | ၉၇.၉ |
| ၅။ | ထားဝယ်မြို့ | ၃၆.၅ | ၉၇.၇ |
| ၆။ | ရွှေကျင်မြို့ | ၃၆.၄ | ၉၇.၅ |
| ၇။ | အောင်လံမြို့ | ၃၆.၂ | ၉၇.၂ |
| ၈။ | သာစည် (လှိုင်းတက်) | ၃၆.၀ | ၉၆.၈ |
| ၉။ | ကျောက်ဆည်(လွန်ကျော်) | ၃၆.၀ | ၉၆.၈ |
| ၁၀။ | ပခုက္ကူမြို့ | ၃၆.၀ | ၉၆.၈ |
| ၁၁။ | ဖျာပုံမြို့ | ၃၆.၀ | ၉၆.၈ |

# ကြိုတင်ပြင်ဆင်ထားရမည့် သောက်သုံးရေနှင့် စူပါအယ်လ်နီညို

ခန့်ဇော်(ကျေးလက်)

**ရာသီဥတုဆိုင်ရာဗဟိုဌာနတွေရဲ့ ၂၀၂၆ ခုနှစ် လေ့လာဆန်းစစ်ချက်တွေအရ လက်ရှိပစိဖိတ်သမုဒ္ဒရာပြင်အတွင်း ဖြစ်ပေါ်နေတဲ့ အယ်လ်နီညိုဖြစ်စဉ်ဟာ Super El Niño အဆင့်အထိ အလွန်အားကောင်းလာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။**

အဓိကခန့်မှန်းချက် တွေကတော့

(က) ၂၀၂၆ အောက်တိုဘာမှ ၂၀၂၇ ခုနှစ် အစောပိုင်းအထိ အားအကောင်းဆုံးအဆင့် ရောက်ရှိနိုင်ခြင်း၊

(ခ) သမုဒ္ဒရာရေမျက်နှာပြင် အပူချိန်ဟာ ပုံမှန်ထက် +25°C မှ +3 °C ကျော်အထိ မြင့်တက်လျက်ရှိပြီး အပြင်းထန်ဆုံး စံချိန်တင်ခဲ့တဲ့ ၁၉၉၇-၁၉၉၈ ခုနှစ်နဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် အယ်လ်နီညိုဖြစ်စဉ်များထက် ပိုပြင်းထန်နိုင်ခြင်း

တို့ဖြစ်ပြီး မြန်မာနိုင်ငံ မိုးလေဝသနဲ့ ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကလည်း အယ်လ်နီညိုနဲ့ ပတ်သက်ပြီး သတိပေးချက်ထုတ်ပြန်ထားရှိပါတယ်။

**မြန်မာနိုင်ငံအပေါ် သက်ရောက်နိုင်သည့် ရာသီဥတုဖြစ်စဉ်များ**

မြန်မာနိုင်ငံအနေနဲ့ တွေ့ကြုံရနိုင်တဲ့ အခြေအနေတွေကိုလည်း မိုးလေဝသနဲ့ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အောက်ပါအတိုင်း ထုတ်ပြန်ထားရှိတာ တွေ့ရပါတယ်-

(က) **အပူချိန်မြင့်တက်ခြင်း။** နွေရာသီနဲ့ ဆောင်းရာသီတွေမှာ ပုံမှန်ထက်အပူချိန် မြင့်တက်ပြီး အပူလှိုင်းများ ဖြစ်ပေါ်နိုင်ခြင်း (နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း)၊

(ခ) **ဖျက်အားပြင်းမုန်တိုင်း။** ဖျက်အားပြင်း မုန်တိုင်းများ ဖြစ်ပေါ်ခြင်း၊

(ဂ) **မိုးရေချိန် လျော့နည်းခြင်း။** မုတ်သုံ မိုးနည်းခြင်း၊ မိုးခေါင်ခြင်းများ၊

(ဃ) **မိုးမမှန်ခြင်း။** အချိန်အခါမဟုတ် မိုးရွာခြင်း၊ ပုံမှန်ထက်မုတ်သုံအဝင် နောက်ကျခြင်း၊ မုတ်သုံကာလ တိုတောင်းခြင်း၊

(င) **ရေကြီးခြင်း။** လျှပ်တစ်ပြက်ရေကြီးခြင်း၊ ရေကြီးမှုကြိမ်ရေနဲ့ ပမာဏမြင့်မားခြင်း၊

မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်ပြင်ဆင်ထားရှိသင့်တဲ့ အချက်တွေနဲ့ ပတ်သက်ပြီးအကြံပြုထားတာကတော့-

(က) စိုက်ပျိုးရေနဲ့ သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ကြိုတင်စုဆောင်းခြင်း၊ ရေကို ချွေတာသုံးစွဲခြင်းတို့ ပြုလုပ်ရန်၊

(ခ) ကျန်းမာရေးအသိပေးချက်အနေနဲ့ အပူလျှပ်ခြင်းကြောင့် ဖြစ်ပွားတတ်တဲ့ ရောဂါ (Heat Stroke) သတိပြုရန်၊

(ဂ) ပူပြင်းခြောက်သွေ့မှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ တောမီးနဲ့ မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန်တို့ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်တာတွေနဲ့ စပ်လျဉ်းပြီး အောက်တိုဘာလ ၅ ရက်နေ့က ပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်တွေနဲ့ တွေ့ဆုံပွဲမှာ **"မိမိတို့အနေဖြင့် ကြုံတွေ့လာရနိုင်သည့် ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်သွားကြရန်လိုပြီး လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီအထိ အယ်လ်နီညိုရာသီဥတု ပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ထိန်းသိမ်းသုံးစွဲခြင်း၊ အပူရှောင်စခန်းများ ဖွင့်လှစ်ခြင်း၊ ဆည်၊ တာတမံများ၌ ရေများသိုလှောင်စုဆောင်းခြင်း၊ မလိုလားအပ်ဘဲ ရေဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ ကြာရှည်စွာအထားခံ စားသောက်၍ရနိုင်သည့် အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီ သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်အထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်သွားကြရန်" လမ်းညွှန်မှာကြားထားရှိပါတယ်။**



သမဝါယမနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း ဦးစီးဌာန၊ တက္ကသိုလ်များအနေနဲ့ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ဖို့နဲ့ တောင်သူတွေနဲ့ တွေ့ဆုံတဲ့အခါ တွေမှာလည်း ကြိုတင်ပြင်ဆင်ရမှာတွေကို ဆွေးနွေးမှာကြားခဲ့ပါတယ်။ အခြားဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့တွေကလည်း အလေးအနက်ထားပြီး အားသွန်ခွန်စိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြပါတယ်။

သမဝါယမနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသသန့်ရှင်းတဲ့ သောက်ရေနဲ့ လုံလောက်တဲ့ရေရရှိရေးကို အဓိကတာဝန်ယူဆောင်ရွက်နေတဲ့ဌာနဖြစ်တာနဲ့အညီ စူပါအယ်လ်နီညိုကြောင့် သောက်ရေ၊ သုံးရေမပြတ်လပ်အောင် ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။

ယခင် ၂၀၁၅-၂၀၁၆ ခုနှစ်ကစလို့ အယ်လ်နီညိုကြောင့် ရေခန်းခြောက်ခြင်းနဲ့ ရေပေးဝေခြင်းတွေအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့တဲ့အတွေ့အကြုံတွေရှိပြီးလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ယခုကြုံတွေ့ရမှာက စူပါ အယ်လ်နီညိုဖြစ်တာကြောင့် ပိုပြီးအလေးထားဂရုပြုရမှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏ သောက်သုံးရေရရှိမှု အခြေအနေ**

မြန်မာနိုင်ငံဒေသအလိုက် ကျေးလက်ဒေသ သောက်သုံးရေရရှိမှု၊ သုံးစွဲမှုအခြေအနေဟာ ၂၀၁၄ သန်းခေါင်စာရင်း၊ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းနဲ့ ၂၀၂၃ သန်းခေါင်စာရင်းထုတ်ပြန်ချက်တွေအရ တိုးတက်လာတာ တွေ့ရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရေရရှိရေးကို မဟာဗျူဟာတွေ ရေးဆွဲဆောင်ရွက်ခဲ့တာဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်မှာ ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံဖို့ မျှော်မှန်းထားခဲ့ပါတယ်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျေးလက်ဒေသရေရရှိရေး လွှမ်းခြုံမှုအခြေအနေက ၈၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါတယ်-

| စဉ် | သန်းခေါင်စာရင်းကောက်ယူမှု | နိုင်ငံတစ်ဝန်းလွှမ်းခြုံမှု | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| (က) | ၂၀၁၄ သန်းခေါင်စာရင်း | ၆၉.၄% | ၈၇.၁% | ၆၂.၃% |
| (ခ) | ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်း | ၈၂% | ၉၂.၃% | ၇၇.၅% |
| (ဂ) | ၂၀၂၄ သန်းခေါင်စာရင်း | ၈၈.၃% | ၉၄.၆% | ၈၅% |

**၂၀၁၂ - ၂၀၂၆ ကာလအထိ ကျေးလက်ဦးစီးဌာနက ဆောင်ရွက်နိုင်မှု**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၂ - ၂၀၁၃ ကနေ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒေသအားလုံးကို လွှမ်းခြုံဆောင်ရွက်ခဲ့ရာမှာ အလှူရှင်တွေ၊ ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ မဟာဗျူဟာကျင့်သုံးခဲ့ပြီး ရေရှားပါးတဲ့ ကျေးရွာ၊ ရေမလုံလောက်တဲ့ ကျေးရွာ၊ ရေမသန့်တဲ့ ကျေးရွာတွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ကျေးရွာပေါင်း ၃၅,၂၉ ရွာမှာ လုပ်ငန်းပေါင်း ၄၆၉၂ ခုကို အောက်ပါရေပေးရေးစနစ်များ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်-

(က) တွင်းတိမ် - ၆၈၅၁ တွင်း

(ခ) တွင်းနက် - ၉၃၀၂ တွင်း

(ဂ) လက်တူးတွင်း (ကျယ်) - ၄၃၂၃ တွင်း

(ဃ) မြေသားရေကန် - ၅၇၅၉ ကန်

(င) စိမ့်စမ်းရေသွယ်တန်းခြင်း - ၅၄၁၄ တွင်း

(စ) အခြားရေရရှိရေးလုပ်ငန်းများ - ၁၅၂၇၃ ခု

အခြားရေရရှိရေး လုပ်ငန်းတွေအနေနဲ့ကတော့ မြေသားရေကန်အနက်နှိုက်ခြင်း/ ရေစုကန်တည်ဆောက်ခြင်း၊ မြစ်ရေတင်၊ ချောင်းရေတင် လုပ်ငန်း၊ အိမ်သွယ်ရေတိုင်စနစ် စတာတွေဖြစ်ပါတယ်။

**ရေသန့်စင်စနစ်။** ရေမသန့်တဲ့ဒေသနဲ့ မသန့်စင်တဲ့ ရေအရင်းအမြစ်တွေက ရေကို သန့်စင်ပေးနိုင်ဖို့ ရေသန့်စင်စနစ်တွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ရန်ပုံငွေသုံးစွဲမှုအနေနဲ့ နိုင်ငံတော်ဘတ်ဂျက်အပြင် ပြည်တွင်း ပြည်ပ အလှူရှင်၊ ပြည်သူထည့်ဝင်ငွေ၊ ဦးစီးဌာနမှ ဆောင်ရွက်နေတဲ့ ပြည်သူကိုယ်တိုင် စီမံခန့်ခွဲတဲ့ စီမံကိန်းတွေဖြစ်တဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေ၊ ခေတ်မီစံပြကျေးရွာ စီမံကိန်း စတာတွေနဲ့လည်း ချိတ်ဆက်ပြီး နည်းလမ်းမျိုးစုံနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ရာမှာ ရေသန့်စင်စနစ်ပေါင်း ၁၅၃၀ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်-

(က) RO ရေသန့်စင်စနစ် ၃၇ ခု

(ခ) Life Straw ရေသန့်စင်စနစ် ၂၅၁ ခု

(ဂ) Ultrafiltration filter (UF Filter) ၁,၁၉၀ ခု

(ဃ) Slow Sand Filter ၅၂ ခု

**❝ လက်ရှိကောက်ယူထားရှိတဲ့ စာရင်းအရ နိုင်ငံတစ်ဝန်း ကျေးရွာပေါင်း ၃၆၆ ရွာ ရေပြတ်လပ်နိုင်ခြေရှိပြီး လူဦးရေ ၂ ဒသမ ၇ သိန်းခန့် ခံစားရနိုင်ခြေရှိပါတယ်။ ဖြစ်ချင်မှဖြစ်မယ်။ ခန့်မှန်းချက်သာဖြစ်ပါတယ်။ ဒီအတွက်လည်း ရေပေးဝေရေး အစီအမံတွေ ကြိုတင်စီမံထားရှိပြီး ဖြစ်ပါတယ်။ ဒါပေမယ့် စူပါအယ်လ်နီညိုရဲ့ သက်ရောက်မှုက ရေပြတ်လပ်မှု တစ်ခုတည်းမဟုတ်ဘဲ အခြားသက်ရောက်မှုတွေလည်း များစွာရှိမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်းစီမှသည် စုပေါင်းအားဖြင့် ဌာနဆိုင်ရာတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းတွေ၊ ရပ်မိရပ်ဖတွေ၊ ကျေးလက်ပြည်သူတွေ စုပေါင်းဆောင်ရွက်ပြီး ဒီကာလကို တောင့်ခံကျော်ဖြတ်ကြရမှာဖြစ် ❞**

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ရေရှိရေးလုပ်ငန်းပေါင်း ၅၃၁ ခုကို လျာထားခဲ့ပြီး အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီး စူပါအယ်လ်နီညိုကာလမတိုင်မီ မြန်မြန်ပြီးလေ ကောင်းလေမို့ ဇန်နဝါရီလမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် မျှော်မှန်းဆောင်ရွက်လျက် ရှိပါတယ်။

ဦးစီးဌာနအနေနဲ့ ကျေးရွာရေပေးရေးဆိုင်ရာ အချက်အလက်တွေကောက်ယူနိုင်ဖို့ RWS MIS (Rural Water Supply Management Information System) တည်ထောင်ထားရှိပြီး ကျေးရွာရှိ ရေပေးရေးလုပ်ငန်းတွေ အလုပ်ဖြစ်/ မဖြစ်၊ သန့်ရှင်းတဲ့ သောက်သုံးရေရရှိနေမှု၊ ရရှိမှုအဆင့်နဲ့ တိုးတက်မှုအခြေအနေတွေကို MIS Dashboard ကတစ်ဆင့် လေ့လာနိုင်စေဖို့ စီမံထားရှိပါတယ်။

**နှစ်အလိုက်ရေပြတ်လပ်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပေးဝေရေး ဆောင်ရွက်ပေးနိုင်မှု**

ကျေးရွာတိုင်းဟာ ရေအရင်းအမြစ်တစ်ခုခုရှိတဲ့နေရာမှာ တည်ရှိကြပေမယ့် အရင်းအမြစ်အလိုက် ကန့်သတ်မှုရှိပြီး ရာသီဥတုပေါ်မူတည်လို့ ရေရှားပါးမှု ဖြစ်ပေါ်တတ်ပါတယ်။ ဥပမာ- မြေပေါ်ရေအရင်းအမြစ်ဖြစ်တဲ့ ကန်ရေဖြစ်ရင် မိုးခေါင်တဲ့နှစ်မှာ ရေဝင်နည်းပြီး အပူရှိန်ပြင်းရင် ရေစောစောခန်းကာ ရေရှားပါးမှုဖြစ်လေ့ရှိပါတယ်။

တွင်းတိမ်နဲ့ လက်တူးတွင်းတွေဟာလည်း မြေပေါ်ရေအခြေခံဖြစ်လို့ မိုးနည်းပြီး အပူရှိန်ပြင်းရင် ရေထွက်လျော့နည်းတတ်သလို စိမ့်စမ်းရေထွက်တွေဟာလည်း သစ်ပင်တွေ မစိုက်ပျိုးခြင်း၊ သစ်တောမထိန်းသိမ်းခြင်းတို့ကြောင့် မိုးနည်းတဲ့နှစ်တွေမှာ

*စာမျက်နှာ ၁၁ သို့*

# သီတင်းကျွတ်ပြီ တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

**နေပြည်တော်　အောက်တိုဘာ ၂၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက် (သောကြာနေ့) ညပိုင်းတွင် “သီတင်းကျွတ်ပြီ” တေးဂီတ ဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသမည် ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဖိုးသောကြာ၊ ကောင်းမိုးယံ၊ စောဒယ်နီရယ်၊ The Sai၊ ရေဗက္ကာဝင်း၊ ဆုပန်ထွာ၊ နေခြည်၊ ခိုင်သဇင်ဦး၊ သဒ္ဒါနန်းထိုက်နှင့် EVE တို့က သီတင်းကျွတ်အခါသမယတွင် ရောင်စုံမီးများ လင်းလက်တောက်ပမှုနှင့်အတူ မြန်မာ့ရိုးရာဓလေ့ထုံးစံ၊ မြန်မာတို့၏ နွေးထွေးသော နှလုံးသားနှင့် ချစ်ခြင်းမေတ္တာ၊ မြန်မာ့လူမှုအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုများကို မျက်ဝါးထင်ထင် မြင်တွေ့ကြရမည်ဖြစ်၍ ချစ်ခင်ရသူများလည်း ရင်ခုန်ကြည်နူး၊ ပျော်ရွှင်ချမ်းမြေ့မှုများနှင့် ဘဝခရီးလမ်းကို လျှောက်လှမ်းကြမည့် တေးစာသားများနှင့်သီကုံးရေးဖွဲ့ထားသည့် တေးသံသာများနှင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

“သီတင်းကျွတ်ပြီ” တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၃၀ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် နိုဝင်ဘာ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

ရေထွက်နည်းလာပြီး ရေရှားတတ်ပါတယ်။ နွေရာသီ ရေရှားပါးမှုဖြစ်လေ့ရှိတဲ့ကျေးရွာတွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိုတင်စီမံချိတ်ဆက်ပြီး ရေပေးဝေရေးဆောင်ရွက်ပေးခဲ့သလို ကျေးရွာတွေကနေ ဆက်သွယ်သတင်းပေးပို့လာခဲ့ရင်လည်း ဆောင်ရွက်ပေးပါတယ်။

နှစ်အလိုက် ရေပေးဝေမှု ဆောင်ရွက်ခဲ့ရတဲ့ ကျေးရွာအရေအတွက်ဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အယ်လ်နီညိုကာလမှာ အများဆုံးဖြစ်ပြီး ကျေးရွာပေါင်း ၅၂၇ ရွာ၊ ရေဂါလန်ပေါင်း ၁၅ ဒသမ ၇၂၇ သန်း ပေးဝေခဲ့ရပါတယ်။ ကျေးရွာအရေအတွက် အနေနဲ့ကတော့ ၂၀၁၆ ခုနှစ်မှာ အများဆုံးဖြစ်ပြီး ရွာပေါင်း ၈၆၀ ကို ရေဂါလန်ပေါင်း ခုနစ်သန်းကျော် ပေးဝေခဲ့ရပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရေရှားပါးတဲ့ကျေးရွာတွေရဲ့ ရေအရင်းအမြစ်တည်ရှိမှုကို Physiography (PG) လုပ်ပြီး မြေအောက်ရေ၊ မြေပေါ်ရေ၊ စိမ့်စမ်းရေ စသဖြင့် လေ့လာတိုင်းတာပြီး ရနိုင်တဲ့နည်းလမ်းတွေကို ဖော်ထုတ်ပြီး သမားရိုးကျစနစ်မှ ဖောက်ထွက်ကာ ရနိုင်တဲ့နည်းလမ်းစုံကို အသုံးချဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့ နည်းလမ်းတွေကတော့-

(က) မြေအောက်ရေ အရင်းအမြစ်မရှိတဲ့ ကျေးရွာအတွက် အနီးအနားပတ်ဝန်းကျင် ကျေးရွာတွေကနေ မြေအောက်ရေ ရရှိနိုင်တဲ့ မြေနေရာရရှိအောင်စီမံပြီး စက်ရေတွင်းတူးကာ ပိုက်လိုင်းနဲ့ သွယ်တန်းပေးပို့ခြင်း၊
(ခ) မြေအောက်ရေရရှိနိုင်တဲ့ နေရာမှာ ရေတွင်းတူးပြီး အခြားရေမရတဲ့ ကျေးရွာတွေကို စုပေါင်းရေဖြန့်ဝေခြင်းစနစ်ကို ဌာနနဲ့ ရေကော်မတီတို့ ပူးပေါင်းစီမံဆောင်ရွက်ခြင်း၊
(ဂ) စိမ့်စမ်းရေထွက်တစ်ခုကနေ ရေထွက်လုံလောက်ရင် အခြားကျေးရွာတွေကို စုပေါင်းရေဖြန့်ဝေပေးခြင်းကို ကျေးရွာအလိုက် ရေကော်မတီ၊ ပင်မရေကော်မတီတို့ ဖွဲ့စည်းပြီး ဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊
(ဃ) ရေအရင်းအမြစ်ရှိပေမယ့် ရေမသန့်ရင် ရေသန့်စင်စနစ်တွေ ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါတယ်။

ရေပေးဝေခဲ့ရတဲ့ ကျေးရွာပေါင်း ၂၄၅၈ ရွာမှာ ရေရရှိရေးစနစ်တွေ ရှာဖွေဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၂၁၉၇ ရွာကို ပုံမှန်ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စုပေါင်းရေပေးဝေရေးစနစ်များကို ကယား၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရှမ်း(တောင်)၊ ရှမ်း(အရှေ့)နဲ့ ဧရာဝတီတို့မှာ နှစ်ရွာ စုပေါင်းလုပ်ငန်း ၂၅ ခု၊ သုံးရွာ စုပေါင်းလုပ်ငန်း ၁၅ ခု၊ လေးရွာ စုပေါင်းလုပ်ငန်း ခြောက်ခု၊ ငါးရွာစုပေါင်းလုပ်ငန်း ခုနစ်ခု၊ ခြောက်ရွာစုပေါင်းလုပ်ငန်း ခြောက်ခု၊ ခုနစ်ရွာ စုပေါင်းလုပ်ငန်း တစ်ခု၊ ၁၀ ရွာ စုပေါင်းလုပ်ငန်း တစ်ခု၊ ၁၂ ရွာ စုပေါင်းလုပ်ငန်း နှစ်ခု၊ ရွာ ၂၀ စုပေါင်းလုပ်ငန်းတစ်ခု၊ ၁၀၅ ရွာ စုပေါင်းလုပ်ငန်း တစ်ခု စုစုပေါင်း လုပ်ငန်း ၆၅ ခုကို ကျေးရွာပေါင်း ၃၅၆ ရွာအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

စူပါအယ်လ်နီညိုကြောင့် ယခု ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် အောက်တိုဘာလကနေ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ဇန်နဝါရီ-ဖေဖော်ဝါရီလအထိ အပူရှိန်ပြင်းထန်မှုကြောင့် ရေကန်များ ခန်းခြောက်မှုဖြစ်နိုင်ပြီး တွင်းတိမ်တွေ၊ စိမ့်စမ်းရေသွယ်တွေ ရေထွက်နည်းနိုင်ပြီး ရေရှားပါးမှုပြဿနာ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ဦးစီးဌာနအနေနဲ့ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတွေ စတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်။

## ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ

(က) ယခင်နှစ် အတွေ့အကြုံအရ ရေပေးဝေရတဲ့ ရေရှားတဲ့ကျေးရွာစာရင်း ပြုစုထားခြင်း၊ ကျေးရွာတွေနဲ့ ချိတ်ဆက်ထားရှိခြင်း၊
(ခ) ထိုကျေးရွာတွေရဲ့ လက်ရှိအခြေအနေကို Feasibility Study (FS) ကောက်ယူထားရှိခြင်း၊
(ဂ) ရေဖြန့်ဝေပေးနိုင်ဖို့ “ရေရယူရမယ့်” ရေအရင်းအမြစ်တွေနဲ့ ကျေးရွာတွေ စာရင်းပြုစုထားခြင်း၊
(ဃ) ရေဖြန့်ဝေဖို့ ရေသန့်စင်စက်တွေ၊ ရေသယ်ကားတွေ ကောင်းမွန်ကြံ့ခိုင်မှုရှိအောင် ကြိုတင်စစ်ဆေးထားခြင်းနဲ့ ရေသန့်စင်ကားတွေအတွက် လိုအပ်တဲ့ ဓာတုပစ္စည်းတွေ စုဆောင်းထားရှိပြီး အသုံးပြုနည်းနဲ့ ပြင်ဆင်ထိန်းသိမ်းရေး သင်တန်းတွေ ပို့ချထားရှိခြင်း၊
(င) ရေသယ်ကား၊ Water Boxer စာရင်းကို မြို့နယ်အလိုက် (ဌာနအလိုက် စာရင်းကောက်ယူထားရှိထားခြင်း)၊
(စ) စီမံချက်ရေးဆွဲထားရှိခြင်း၊
(ဆ) အသိပညာပေးခြင်း။

**ပညာပေးဆွေးနွေးခြင်း။** ကြိုတင်စီမံထားရှိမှုတွေအနက် အသိပညာပေးခြင်းဟာ အလွန်ပဲအရေးကြီးပါတယ်။ တစ်ဦးချင်း၊ တစ်အိမ်ချင်း၊ တစ်ရွာချင်း၊ တစ်မြို့ချင်း သိရှိလိုက်နာ ဆောင်ရွက်သင့်တာတွေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အောက်ဖော်ပြပါအချက်တွေကို လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် ထိရောက်စွာ ကာကွယ်နိုင်၊ ရေပြတ်လပ်မှု လျှော့ချနိုင်မှာဖြစ်ပါတယ်-

(က) ရေကို ချွေတာသုံးစွဲဖို့၊
(ခ) ရေကို ရနိုင်သမျှလှောင်ထားဖို့ (ရွာတွေမှာဆိုရင် ရာဝင်အိုးများ၊ ကျောက်ခွက်များ၊ အိုးများ စသဖြင့် နည်းလမ်းမျိုးစုံနဲ့ လှောင်ထားတတ်ကြပါတယ်)၊
(ဂ) မြစ်ချောင်းတွေကနေ ရေချိုကို နီးစပ်ရာကန်တွေမှာ ဖြည့်သွင်းသိုလှောင်ထားရှိခြင်း၊ မြေအောက်ရေ သိုလှောင်ခြင်း (ဥပမာ- Sand Dam၊ စိမ့်ဝင်ရေကန်များ တည်ဆောက်ခြင်း၊ ရေကို မြေအောက်ရေလွှာထဲသို့ တိုက်ရိုက်ထိုးသွင်းခြင်း၊ မိုးရေ မျက်နှာပြင်စီးဆင်းမှုကို စုဆောင်းပြီး စစ်ထုတ်ကာ မြေအောက်သို့ စိမ့်ဝင်စေခြင်း၊ ရေပိုလျှံချိန်မှာ ရေတွင်းတစ်တွင်းတည်းကို အသုံးပြုပြီး ရေကို မြေအောက်ရေလွှာထဲသို့ ထိုးသွင်းသိုလှောင်ပြီး ရေလိုအပ်ချိန်မှာ ထိုရေတွင်းမှတစ်ဆင့် ပြန်လည်ရယူခြင်း)
(ဃ) ရေပေးရေးဆိုင်ရာ အခြေခံအဆောက်အအုံနဲ့ စက်ပစ္စည်းတွေ ကြံ့ခိုင်ကောင်းမွန်ပြီး ပုံမှန်လည်ပတ်နိုင်ရန် ရေကော်မတီတွေနဲ့ ကြိုတင်စစ်ဆေး ပြင်ဆင်ထားဖို့။

ဒါ့အပြင် အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်စေဖို့၊ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ဖို့နဲ့ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေဖို့ ဆက်သွယ်ရေးနည်းလမ်းပေါင်းစုံကို ဖွင့်ပေးထားဖို့ လိုအပ်တဲ့အတွက် အောက်ပါအတိုင်း စီစဉ်ထားရှိပါတယ်-

(က) ကျေးရွာတွေနဲ့ ဌာနဆိုင်ရာတွေ (အဓိက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့)အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်နိုင်ရေး၊ ကြိုတင်ချိတ်ဆက်ထားရှိနိုင်ရေးအတွက် ဖုန်းနံပါတ်များ ဖြန့်ဝေထားပြီး ဖုန်း၊ Viber တို့မှတစ်ဆင့် သတင်းပို့နိုင်ဖို့ ဆောင်ရွက်ထားရှိခြင်း၊
(ခ) ဒေသစုံ၊ နေရာစုံမှ သိရှိလှူဒါန်းခြင်း၊ ပါဝင်ကူညီခြင်း၊ သတင်းမေးမြန်းခြင်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ www.waterdonation.org ဝက်ဘ်ဆိုက် တည်ထောင်ထားရှိပြီး သတင်းအချက်အလက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ချိတ်ဆက်ဖော်ပြသွားမှာဖြစ်ခြင်း။

## အဖွဲ့အစည်းပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကြိုတင်စီမံခြင်း

မြို့နယ်အလိုက် ရရှိတဲ့သတင်းအချက်အလက်တွေအပေါ် အခြေခံပြီး ဌာနဆိုင်ရာတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ အလှူရှင်တွေနဲ့ ချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်သလို ရေဖြန့်ဝေဖို့ ရေသယ်ယာဉ်တွေအတွက် စက်သုံးဆီရရှိစေရေးကိုလည်း ကြိုတင်ပြင်ဆင်လျာထားပြီး ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ဖို့ အစီအမံတွေကို မြို့နယ်အလိုက် ရေးဆွဲထားရှိပါတယ်။

## ရေတွင်းတူးစက်ကြီးများနှင့် ရေသန့်စင်ကားများ၊ ရေသယ်ယာဉ်များ အဆင်သင့်ဖြစ်ခြင်း

ကျေးလက်ဦးစီးအနေနဲ့ အရေးပေါ်ရေတွင်းတူးဖို့ ချောင်း၊ မြောင်း၊ ဆည်ရေကို ရေသန့်စင်နိုင်မယ့် ရွှေ့လျားရေသန့်စင်ကားကြီးတွေနဲ့ ရေသယ်ကားတွေကို အဆင်သင့်သုံးစွဲနိုင်ဖို့ ပြင်ဆင်ထားရှိပါတယ်-

| | | | |
|---|---|---|---|
| (က) | ရေတွင်းတူးစက်ကြီး | - | ၁၃ စီး |
| (ခ) | ရေတွင်းတူးစက်ငယ် | - | ၃ စီး |
| (ဂ) | လေမှုတ်စက် | - | ၁၆ စီး |
| (ဃ) | ကရိန်းကား | - | ၈ စီး |
| (င) | ရေသယ်ယာဉ် | - | ၂၈ စီး |
| (စ) | ရေသန့်စင်ကား | - | ၁၁ စီး |
| (ဆ) | မြေပြင်ရေတိုင်းတာစက် | - | ၁၅ ခု |
| (ဇ) | Water Quality Test Kit | - | ၁၆ ခု |

ဌာနဆိုင်ရာစက်ယန္တရားတွေအပြင် ပုဂ္ဂလိကစက်ယန္တရားတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စူပါအယ်လ်နီညိုကာလ အောက်တိုဘာလမှ စတင်ပြီး နွေရာသီကာလအပါအဝင် မေလ၊ မိုးမကျမီကာလအထိ လေးလမှ ငါးလအထိ ကြာမြင့်နိုင်လို့ ပြင်းထန်ပါတယ်။ ကျေးရွာတွေကို ကွင်းဆင်းကြမယ့်ဝန်ထမ်းတွေ၊ ရေပေးဝေရေးလုပ်ငန်းအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ကြမယ့် ဝန်ထမ်းတွေလည်း အပူရှိန်ကြောင့် ကျန်းမာရေးမထိခိုက်အောင် အထူးဂရုစိုက်ဖို့ အရေးကြီးပါတယ်။

ကွင်းဆင်းဆောင်ရွက်မှုတွေကို နံနက်ပိုင်းစောစောနဲ့ ညနေ ၃ နာရီနောက်ပိုင်းသာ ဆောင်ရွက်သင့်ပြီး နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း အထူးသတိထားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကလမ်းညွှန်ချက်တွေကို အထူးလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

## တစ်ယောက်အားနှင့်မရ - စုပေါင်းအားဖြင့် ကျော်လွှားကြမယ်

လက်ရှိကောက်ယူထားရှိတဲ့စာရင်းအရ နိုင်ငံတစ်ဝန်း ကျေးရွာပေါင်း ၃၆၆ ရွာ ရေပြတ်လပ်နိုင်ခြေရှိပြီး လူဦးရေ ၂ ဒသမ ၇ သိန်းခန့် ခံစားရနိုင်ခြေရှိပါတယ်။ ဖြစ်ချင်မှဖြစ်မယ်။ ခန့်မှန်းချက်သာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ရေပေးဝေရေးအစီအမံတွေ ကြိုတင်စီမံထားရှိပြီး ဖြစ်ပါတယ်။ ဒါပေမယ့် စူပါအယ်လ်နီညိုရဲ့ သက်ရောက်မှုက ရေပြတ်လပ်မှု တစ်ခုတည်းမဟုတ်ဘဲ အခြားသက်ရောက်မှုတွေလည်း များစွာရှိမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်းစီမှသည် စုပေါင်းအားဖြင့် ဌာနဆိုင်ရာတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းတွေ၊ ရပ်မိရပ်ဖတွေ၊ ကျေးလက်ပြည်သူတွေ စုပေါင်းဆောင်ရွက်ပြီး ဒီကာလကို တောင့်ခံကျော်ဖြတ်ကြရမှာ ဖြစ်ပါတယ်။

သတိပေးချက်တွေကို မပြတ်နားစွင့်ပြီး ညွှန်ကြားချက်တွေနဲ့အညီ လိုက်နာနေထိုင်ခြင်းဖြင့် နေ့စဉ်လူနေမှုဘဝ သာယာအောင်၊ ဘေးကင်းအောင်၊ ကျန်းမာစွာ ဖြတ်သန်းနိုင်အောင် ကြိုးစားနေထိုင်ဖြတ်သန်းကြရမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေကို ဝိုင်းဝန်းကူညီဖြည့်ဆည်းနိုင်အောင်လည်း အဆင်သင့်ပြင်ဆင်ထားကြရပါမယ်။ အားလုံးပူးပေါင်းပါဝင်ဖို့လည်း လိုအပ်ပါတယ်။

## ဘယ်လို ပူးပေါင်းပါဝင်ကြမလဲ

စူပါအယ်လ်နီညိုရဲ့ အန္တရာယ်ကို သိရှိအောင် လုပ်ပေးခြင်း၊ အသိပညာပေးခြင်း၊ ရေကို ချွေတာသုံးစွဲခြင်း၊ ရေသိုလှောင်ခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်း၊ လိုအပ်သူကို ကူညီပံ့ပိုးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ စူပါအယ်လ်နီညိုဖြစ်စဉ်ကို ရှောင်လွှဲလို့မရနိုင်တဲ့အတွက် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်မှု၊ အန္တရာယ်ကိုသိအောင် အသိပညာပေးမှု၊ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်မှုနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မယ့် အစီအမံကောင်းတွေ၊ စီမံချက်တွေ ရေးဆွဲထားရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကသာ ထိခိုက်မှုကို လျော့ပါးသက်သာစေမှာဖြစ်တဲ့အတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း…။ ။

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၉**

သင်တန်းဆင်း မောင်မယ်များအနေဖြင့် တာဝန်ကျရာဒေသများ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၈)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲတွင် သင်တန်းဆင်းလူငယ်များကို မှာကြားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ပညာရေးတာဝန်များကို ထမ်းဆောင်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်၏ ကျေးဇူးတရားကို သိရှိကာ မိမိတို့တာဝန်ကျရာ ဒေသများရှိ တိုင်းရင်းသားလူငယ်များကို အနာဂတ်နိုင်ငံ့တာဝန်များ ထမ်းဆောင်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာ ဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု(ဝိပ္ပံဘွဲ့) ဆုရကျောင်းသားကျောင်းသူများအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက စာပေဘာသာထူးချွန်ဆု(သိပ္ပံဘွဲ့)၊ စာပေဘာသာ ထူးချွန်ဆု (ဝိဇ္ဇာဘွဲ့) ကျောင်းသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက တိုင်းရင်းသားဘာသာစာပေနှင့် ယဉ်ကျေးမှုထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုရ ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ကြပြီး တိုင်းပညာရေးမှူးက သင်တန်းဆင်း ကျောင်းသားကျောင်းသူ ၁၈၁ ဦးတို့ကို အလုပ်ခန့်အပ်လွှာများပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများကို တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ THEATRE ခန်းမ၌ အောက်တိုဘာ ကျောင်းပိတ်ရက် လေ့ကျင့်ရေးကာလအတွင်း ကျောင်းသားကျောင်းသူများ၏ အထွေထွေဗဟုသုတ ယှဉ်ပြိုင်နေမှု၊ တက္ကသိုလ်စာကြည့်တိုက် အကြီးစားပြင်ဆင်နေမှု၊ သက်သာချောင်ချိရေး အရောင်းဆိုင်၊ မွေးမြူရေး အစာစပ်စက်ရုံ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ မိုးလုံလေလုံ အားကစားရုံခန်းမတွင် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသူများ လေ့ကျင့်နေမှု၊ ဥစားကြက်၊ အသားစားကြက်၊ ဝက်မွေးမြူရေးနှင့် ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာရပ်များ တတ်မြောက်စေပြီး ၎င်းတို့၏ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လွှတ်တော် ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့် အဆိုနှင့် မေးခွန်းများအပေါ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဖြေကြားချက်များ၊ ကတိကဝတ်များကို ကော်မတီအနေဖြင့် ပြန်လည်ဖော်ထုတ်စိစစ်ပြီး အဓိကအချက်များကို ဦးစားပေးညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ လွှတ်တော်အစည်းအဝေးကာလများအတွင်း မေးမြန်းခဲ့သည့် မေးခွန်းများအနက် ကတိကဝတ်ဖြစ်ပေါ်ခဲ့သည့် တတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုအဆိုတစ်ခုနှင့်ကြယ်ပွင့်ပြကတိဖြစ်မေးခွန်း ၉၇ ခု၊ ဒုတိယ ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြကတိဖြစ်မေးခွန်း ၂၅၆ ခုနှင့် တတိယပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်မပြ ကတိဖြစ်မေးခွန်း ၈၀၊ စုစုပေါင်း ၄၃၄ ခုရှိသည့်အနက် တိကျရှင်းလင်းသည့် အဓိကအချက်များကို ဦးစားပေးပေါင်းစပ်ညှိနှိုင်းသွားမည် ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူလူထုအကြား အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များအပေါ် ပြည်သူလူထု၏ယုံကြည်မှုရရှိစေရေးနှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေရေးအတွက် စိစစ်ကြပ်မတ် တင်ပြပေးခြင်းဖြစ်ပြီး မရှင်းလင်းသည့်ကိစ္စရပ်များကို သေချာစွာညှိနှိုင်းဆွေးနွေးကြရန်နှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်မှု အခြေအနေများကို တိကျမှန်ကန်စွာ တင်ပြနိုင်ရေးနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်စေရေးတို့အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အတူ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## တနင်္သာရီတိုင်းဒေသကြီး၌ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း ဖွင့်လှစ်

**ထားဝယ် အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ကြီးမှူးကျင်းပသော MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ထားဝယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်က အတတ်ပညာများကို အခြေခံပြီး မိမိတို့၏ ဝါသနာကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် စတင်ဖော်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ခင်းကျင်းပြသထားသော သင်တန်းအထောက်အကူပြု ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းတွင်ဆပ်ပြာခဲပြုလုပ်နည်းများနှင့် အလှဆင်ဖယောင်းတိုင် ပြုလုပ်နည်းများကို သင်တန်းသူ ၂၀ ဦးအား စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**သစ်တောတွေထိန်း**
**တောတွေစိမ်းမှ**
**ငြိမ်းချမ်းပြည်ရွာ**
**နိုင်ငံသာ၏။**

# ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်

**ပဲခူး အောက်တိုဘာ ၂၉**
ပဲတီစိမ်းသီးနှံ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေးခြင်းနှင့် ၂၀၂၆ ခုနှစ် GAP စနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများအား သဘာဝရွက်ဖျန်းမြေဩဇာ ထောက်ပံ့ပေးခြင်းကို ယနေ့နံနက်ပိုင်းက ကဝမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက တက်ရောက်လာသည့် တောင်သူများအား သဘာဝရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်ကြပြီး ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးခြင်း သရုပ်ပြသမှုနှင့် မျိုးကောင်းမျိုးစေ့များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုကာ ပြည်တွင်းပြည်ပမှ စားသုံးသူများအတွက် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်သည့် စိုက်ပျိုးရေးထုတ်ကုန်များထုတ်လုပ်တင်ပို့နိုင်ရေး အသိပညာပေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် ကမာဘုတ်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်ဝင်း၏ အသားစားကြက်ကောင်ရေ ၁၁၂၀၀၀ အောင်မြင်စွာ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဥစားကြက် တိုးချဲ့မွေးမြူနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် သနပ်ပင်မြို့နယ် အနီးကိုက်ကျေးရွာ၌ နွေစပါးစိုက်ပျိုးနိုင်ရေး မြေယာပြုပြင်နေမှုနှင့် ရစ်ကန်လေးကျေးရွာအုပ်စု၌ ဆောင်းပဲတီစိမ်းနှင့် ပဲပုပ်သီးနှံ စိုက်ပျိုးနိုင်ရေး မြေယာပြုပြင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုပြီး မြေအစိုဓာတ်ရှိချိန်၌ အချိန်မီ စိုက်ပျိုးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် အိုးဘိုကျေးရွာအနီး၌ AI နည်းပညာသုံး ခေတ်မီစိုက်ပျိုးရေး စပါးအထူးဇုန် အကောင်အထည်ဖော်နိုင်ရေး အာကာသအေဂျင်စီမှ IoT Device များ တပ်ဆင်ပြီးစီးမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





# (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အားကစားပြိုင်ပွဲများ ဖွင့်လှစ်

**မြစ်ကြီးနား အောက်တိုဘာ ၂၉**
(၃၈)နှစ်မြောက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်/ ခရိုင်/ မြို့နယ်ဝန်ထမ်းများ၏ အားကစားပြိုင်ပွဲများဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားကာ အားကစားပြိုင်ပွဲများကိုဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင် အားကစားအသင်းများနှင့် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်အားဖြည့်ကူညီသော ဘင်ခရာအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ အဖွင့်ပွဲစဉ်အဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ပြည်နယ်ရုံး၊ ဌာနခွဲ(၁)နှင့် ချီဖွေခရိုင် အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

နံနက်ပိုင်းကလည်း မြစ်ကြီးနားမြို့ မနောကွင်းအတွင်း၌ ကျင်းပလျက်ရှိသည့် သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဒုတိယနေ့အဖြစ် ကျင်းပနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးဦးစီးဌာန၏ ဒေသထွက်သီးနှံပြခန်း၌ ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့တို့ရှိ ယာယီတိမ်းရှောင်စခန်းသုံးခုမှ အိမ်ထောင်စုများအတွက် ဟင်းသီးဟင်းရွက်သီးနှံအမယ်စုံတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကယားပြည်နယ်အစိုးရအဖွဲ့က စည်ပင်သာယာရေးအဖွဲ့ အခြေခံဝန်ထမ်းများအတွက် ဆန်၊ ဆီများနှင့် လွိုင်ကော်မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နိုင်ရန် မြက်ဖြတ်စက်များ ထောက်ပံ့ပေးအပ်

**လွိုင်ကော် အောက်တိုဘာ ၂၉**
ကယားပြည်နယ် အစိုးရအဖွဲ့က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အခြေခံ ဝန်ထမ်း ၁၃၂ ဦးအတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီနှင့် လွိုင်ကော်မြို့ပေါ်ရပ်ကွက် (၂၃) ရပ်ကွက်အတွက် မြက်ဖြတ်စက် ၄၈ လုံး ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီများနှင့် နောင်ယား (က)၊ နောင်ယား (ခ)၊ နာနတ်တောနှင့် ဒေါဥခူရပ်ကွက်များအတွက် မြက်ဖြတ်စက်များကို ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီများနှင့် မြို့ပေါ်ရပ်ကွက်များအတွက် မြက်ဖြတ်စက်များ ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ **(အောက်ပုံ)**

ထောက်ပံ့ ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း၊ စည်ပင်သာယာရေးအဖွဲ့ အခြေခံဝန်ထမ်းများသည် မြို့များကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်း သာယာလှပစေရေးနှင့် ပြည်သူများ၏ နေ့စဉ်လူမှုဘဝတွင် အဆင်ပြေချောမွေ့စေရန် လုပ်ငန်းတာဝန်များကို နေပူမိုးရွာမရှောင် ကျေပွန်အောင် ဆောင်ရွက်နေကြသူများဖြစ်ပါကြောင်း၊ ပြည်သူများ၏ နေ့စဉ်လူမှုဘဝများ အဆင်ပြေချောမွေ့စေရန်နှင့် လွိုင်ကော်မြို့ကို ပြည်နယ်၏ မြို့တော်အင်္ဂါရပ်နှင့်အညီ Green city/Clean city/ Smart city ဖြစ်လာစေရေး အကောင်အထည်ဖော်ရာတွင် ပြည်နယ်အစိုးရ၏ ဦးဆောင် ညွှန်ကြားမှုနှင့်အတူ အလေးထားကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ပြည်နယ်(ပြန်/ဆက်)



# မန္တလေးမြို့၌ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၉**
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည် အထိမ်းအမှတ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းထွေးနှင့် တာဝန်ရှိသူများ ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်ကြပြီး ဝန်ကြီးရုံးအသင်းနှင့် ဌာနခွဲ - ၃ အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးရာ ဝန်ကြီးရုံးအသင်းက ဌာနခွဲ - ၃ အသင်းကို အနိုင်ရပြီး ဗိုလ်စွဲခဲ့သည်။



ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ပြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲ ပထမဆုရရှိသော ဝန်ကြီးရုံးအသင်းကို တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အလင်းသစ်(ပြန်/ဆက်)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမေရိကန် ဗဟိုဘဏ်အတိုးနှုန်း ဒီဇင်ဘာတွင် တိုးမြှင့်နိုင်ခြေရှိ

**ဝါရှင်တန် အောက်တိုဘာ ၂၉**

အမေရိကန် ဗဟိုဘဏ်၏ မူဝါဒချမှတ်သူများသည် အတိုးနှုန်းကို ယခင်အတိုင်း ဆက်လက်ထိန်းသိမ်းထားရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းဆုံးဖြတ်ချက်မှာ ငွေကြေးဖောင်းပွမှု အခြေအနေကို ပြန်လည်သုံးသပ် အကဲဖြတ်ရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း သိရသည်။ ဥက္ကဋ္ဌ ကီဗင် ဝါ့ရှ် ဦးဆောင်သည့် နှစ်ရက်ကြာ အစည်းအဝေးကို ယမန်နေ့က အဆုံးသတ်ခဲ့ပြီး အခြေခံ အတိုးနှုန်းကို ၃ ဒသမ ၇၅ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအတွင်း ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်သည် စီးပွားရေး အခြေအနေများနှင့် လမ်းကြောင်းများကို ဆက်လက်စောင့်ကြည့် အကဲဖြတ်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ရှုမြင်ကြသည်။

ဗဟိုဘဏ်၏ မူဝါဒချမှတ်သူများသည် လာမည့်ဒီဇင်ဘာလ အစည်းအဝေး၌ အတိုးနှုန်းကို ထပ်မံ တိုးမြှင့်လာနိုင်ကြောင်း ဈေးကွက်အတွင်း မျှော်လင့်ချက်များ ပိုမိုမြင့်တက်လာနေသည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေးရွေးကောက်ပွဲတွင် နေတန်ယာဟု၏ ညွန့်ပေါင်းအဖွဲ့ အမတ်နေရာအများဆုံးရရန် ခန့်မှန်းခံရ

**ဂျေရုစလင် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် အစ္စရေး အတိုက်အခံအင်အားစုများ အနိုင်ရမည်ဟု မီဒီယာအများအပြားက ခန့်မှန်းထားခဲ့သော်လည်း နောက်ဆုံးရလဒ်များအရ ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု ဦးဆောင်သည့် အာဏာရအုပ်စုက လွှတ်တော် အမတ်နေရာ ပိုမိုရရှိရန် ခန့်မှန်းခံနေရသည်။ မဲအရေအတွက်၏ ၈၅ ရာခိုင်နှုန်းကျော်ကို ရေတွက်ပြီးဖြစ်သော်လည်း စစ်သည်များ၊ ဆေးရုံ တက်လူနာများနှင့် အခြားမဲပေးသူအချို့၏ မဲများကို ဆက်လက်ရေတွက်ရန် ကျန်ရှိနေသေးသည်။



အစ္စရေးလွှတ်တော်ဖြစ်သည့် ကနက်ဆက်တွင် အမတ်နေရာ စုစုပေါင်း ၁၂၀ ရှိပြီး ပြည်တွင်းရုပ်သံဌာန Channel 12 ၏ ခန့်မှန်းချက်အရ နေတန်ယာဟု၏ လက်ယာယိမ်း လီကွတ်ပါတီသည် အမတ်နေရာ ၂၆ နေရာ ရရှိမည်ဟုဆိုသည်။

နေတန်ယာဟု၏ ပြိုင်ဘက်ဖြစ်သူ ဂါဒီ အိုက်ဆင်ကော့ ဦးဆောင်သည့် ဗဟိုဝါဒီယာရှာပါတီက အမတ်နေရာ ၂၁ နေရာ ရရှိရန် ခန့်မှန်းထားသည်။ မဲရေတွက်မှုများ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သဖြင့် နောက်ဆုံးရလဒ်များနှင့် လွှတ်တော်အတွင်း အင်အားချိန်ခွင်လျှာ ပြောင်းလဲနိုင်သေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပေါ်တူဂီ၌ ဝင်ငွေနည်းမိသားစုများအတွက် လျှပ်စစ်ကားတန်ဖိုး ၈၀ ရာခိုင်နှုန်းအထိ ထောက်ပံ့မည်

**လစ်ဘွန် အောက်တိုဘာ ၂၉**

ပေါ်တူဂီအစိုးရသည် အောက်တိုဘာ ၂၈ ရက်က လျှပ်စစ်ကားဝယ်ယူမှု အတွက် ထောက်ပံ့ကြေးပေးမည့် အစီအစဉ်သစ်ကို ကြေညာခဲ့ရာ ယင်းအစီအစဉ်တွင် ဝင်ငွေနည်းပါးသော အိမ်ထောင်စုများအတွက် ကားတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းအထိ ထောက်ပံ့ပေးမည့် သီးသန့်အစီအစဉ် တစ်ရပ်ကို ပထမဆုံးအကြိမ် ထည့်သွင်းထားကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး မာရီယာ ဒါ ကာဗယ်ဟိုက လွှတ်တော်တွင် ပြောကြားသည်။



အဆိုပါအစီအစဉ်အရ ဝင်ငွေနည်းမိသားစုများအတွက် လျှပ်စစ်ကား အစီးရေ ၂၀၀၀၀ အထိ ဝယ်ယူနိုင်ရန် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ကားတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းအထိ ထောက်ပံ့ကြေးပေးသွားမည်ဖြစ်သည်။

ယခင်အစီအစဉ်များနှင့် ဆင်တူသည့် စည်းမျဉ်းများဖြင့် ပြည်သူများအတွက်လည်း သီးခြားအစီအစဉ်တစ်ရပ်ကို ဆောင်ရွက်မည်ဖြစ်ပြီး ယင်းအတွက် ဘတ်ဂျက်ယူရိုသန်း ၅၀ ခန့် (အမေရိကန်ဒေါ်လာ ၅၆ သန်း) လျာထားကြောင်း သိရသည်။

ထို့ပြင် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် လျှပ်စစ်ကား အစီးရေ ၉၀၀၀ အထိ ဝယ်ယူနိုင်ရန်လည်း အစိုးရက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ အာဖရိကဝက်တုပ်ကွေး ပြန်လည်ဖြစ်ပွားသဖြင့် ဝက်မွေးမြူရေးသမားများကို သတိပေး

**ကိုလံဘို အောက်တိုဘာ ၂၉**

သီရိလင်္ကာနိုင်ငံ၌ အာဖရိကဝက်တုပ်ကွေးရောဂါ ပြန်လည်ဖြစ်ပွားလာသဖြင့် ဝက်မွေးမြူရေးသမားများအနေဖြင့် ဇီဝလုံခြုံရေးအစီအမံများ အားကောင်းစေရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

နိုင်ငံအတွင်း ခရိုင်ခြောက်ခု၌ ဝက်အကောင်ရေ ၂၀၀ နီးပါးတွင် အာဖရိကဝက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း အရာရှိတစ်ဦး က ပြောကြားသည်။ ကိုလံဘို၊ ဂမ်ပါဟာ၊ ကာလူတာရာ၊ အနုရာဓပူရ၊ ကန်ဒီနှင့် ပူတာလမ် ခရိုင်ခြောက်ခုရှိ ဝက်မွေးမြူရေးခြံ ၄၈ ခြံကို စစ်ဆေးခဲ့ရာ ဝက်အကောင်ရေ ၁၂၀၀ နီးပါးအနက် အချို့တွင် အာဖရိက ဝက်တုပ်ကွေးရောဂါပိုး တွေ့ရှိခဲ့ကြောင်း တိရစ္ဆာန်မွေးမြူရေးနှင့် ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ရောဂါဆိုင်ရာ အကြီးအကဲ ပရာဒီပ် လက်ပရီယာ ကုမာရာဝါဒူက ပြောကြားသည်။

တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ခြင်းမရှိခြင်းမှာ ရောဂါကူးစက်ပြန့်ပွားမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက သတိပေး ပြောကြားသည်။ အထူးသဖြင့် အသေးစားဝက်မွေးမြူရေးလုပ်ကိုင်သူ များသည် နေအိမ်များ၌ပင် ဝက်သတ်လုပ်ငန်းများ လုပ်ကိုင်ပြီး စွန့်ပစ် ပစ္စည်းများကို ရေအရင်းအမြစ်များအနီးတွင် စွန့်ပစ်ကြသဖြင့် ရောဂါ ကူးစက်ပြန့်ပွားနိုင်ခြေ ပိုမိုမြင့်မားလာနိုင်ကြောင်း ၎င်းက ပြောသည်။

အာဏာပိုင်များသည် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိပြီး ဝက်မွေးမြူရေးသမားများအနေဖြင့် တိရစ္ဆာန်ဆေးကုသရေး ဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရန်၊ မွေးမြူရေးခြံများ သန့်ရှင်းမှု ရှိစေရန် ထိန်းသိမ်းရန်နှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို ဘေးကင်းလုံခြုံစွာ စွန့်ပစ်ရန် တိုက်တွန်းထားသည်။ အဆိုပါဗိုင်းရပ်စ်သည် ဝက်သား စားသုံးခြင်းမှတစ်ဆင့် လူတို့၏ကျန်းမာရေးကို အန္တရာယ်မဖြစ်စေ ကြောင်း တိရစ္ဆာန်မွေးမြူရေးနှင့် ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ရောဂါ ဆိုင်ရာ အကြီးအကဲက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## အာကာသလွန်းပျံယာဉ် Endeavour ကို အများပြည်သူ ကြည့်ရှုနိုင်ရန်ပြသသွားမည်

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၉**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ သိပ္ပံပြတိုက် အဆောက်အအုံသစ်တွင် အနားပေးထားလိုက်ပြီဖြစ်သည့် အာကာသလွန်းပျံယာဉ် Endeavour ကို လွှတ်တင်ခါနီး ပုံစံအတိုင်း ဒေါင်လိုက်အနေအထားဖြင့် ပြသထားသည်။

အာကာသစူးစမ်းရှာဖွေရေးတွင် အဓိကဦးဆောင်သည့်ကဏ္ဍမှ ပါဝင်ခဲ့သည့် အဆိုပါအာကာသလွန်းပျံယာဉ်၏ ကြီးမားခမ်းနားသည့် အရွယ်အစားကို ကြည့်ရှုသူများအနီးကပ်ကြည့်ရှုနိုင်ရန် လော့စ်အိန်ဂျလိစ်မြို့ရှိ ကယ်လီဖိုးနီးယားသိပ္ပံစင်တာတွင် အဆောက်အအုံသစ် ဆောက်လုပ်ထားသည်။




အဆိုပါအဆောက်အအုံကို အောက်တိုဘာ ၂၈ ရက်က မီဒီယာထံ မိတ်ဆက်ပြသခဲ့သည်။ လာရောက်လည်ပတ်ကြည့်ရှုသူများသည် အဆိုပါ အာကာသလွန်းပျံယာဉ်ကို အဆင့်အမျိုးမျိုး၊ အမြင့်အမျိုးမျိုးဖြင့် တည် ဆောက်ထားသော ပလက်ဖောင်းများမှတစ်ဆင့် ကြည့်ရှုနိုင်မည်ဖြစ်သည်။

ကယ်လီဖိုးနီးယားသိပ္ပံစင်တာမှ စီအီးအိုနှင့်ဥက္ကဋ္ဌဖြစ်သူ ဂျက်ဖရီ ရူဒေါ့ဖ်က အာကာသလွန်းပျံယာဉ်ကို လွှတ်တင်ခါနီးပုံစံအနေဖြင့် ကြည့်ရှု ခွင့်ရရှိသည်မှာ အလွန်ထူးခြားကြောင်းနှင့် လူအများကို အာကာသ အကြောင်း ပိုမိုလေ့လာချင်အောင် လှုံ့ဆော်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ အဆိုပါအဆောက်အအုံသစ်ကို နိုဝင်ဘာ ၁၃ ရက် တွင် အများပြည်သူ လာရောက်ကြည့်ရှုနိုင်ရန် ဖွင့်လှစ်သွားမည်ဖြစ် သည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ၌ လူနာတင်ယာဉ်အတွင်း အောက်ဆီဂျင်အိုးပေါက်ကွဲမှုကြောင့် ရှစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၉**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ အောက်တိုဘာ ၂၈ ရက် ညပိုင်းက လူနာတင်ယာဉ်တစ်စီးအတွင်း အောက်ဆီဂျင်အိုးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ က ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုသည် သာပါကာခရိုင် နာဂါပါကာမြို့ရှိ လူနာတင် ယာဉ်တစ်စီးအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများသည် ကနဦးဆေးကုသမှုခံယူပြီးနောက် ကရာချိမြို့သို့ လွှဲပြောင်းပို့ဆောင်ခံခဲ့ရ ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အဆိုပါလူနာတင်ယာဉ်သည် ကျန်းမာရေး ဌာနတစ်ခု၌ ရပ်နားထားချိန်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

## လူကုန်ကူးခံရသူ ၁၂၇ ဦးကို အာဖဂန်ရဲတပ်ဖွဲ့ ကယ်တင်

**ကဘူးလ် အောက်တိုဘာ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း နင်မ်ရော့ဇ် ပြည်နယ်၌ အောက်တိုဘာ ၂၈ ရက်က လူကုန် ကူးမှုတွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ များထံမှ လူ ၁၂၇ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မော်လာဝီဂူလ်မိုဟာမက် ကူဒရတ်က အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားသည်။

အဆိုပါသံသယရှိသူများသည် နင်မ်ရော့ဇ် ပြည်နယ်မှတစ်ဆင့် လူများကို နိုင်ငံပြင်ပသို့ တရားမဝင် ပို့ဆောင်ရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ လူများကို သယ်ယူပို့ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်ငါးစီးကိုလည်း သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထပ်မံပြောကြားခြင်းမရှိသော်လည်း တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများကို ရဲတပ်ဖွဲ့အနေဖြင့် ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်သူများကို တင်းကျပ်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက သတိပေးပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်းကလည်း လူ ၈၉ ဦးအား လူကုန်ကူးရန် ကြိုးပမ်းမှုတစ်ရပ်ကို ရဲတပ်ဖွဲ့က ဟန့်တားနိုင်ခဲ့ပြီး လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ သုံးဦးကိုလည်း ဖမ်းဆီးခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံသား အများအပြားသည် နိုင်ငံအတွင်း ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့ဦးရေ မြင့်မားမှုတို့ကြောင့် အလုပ်အကိုင်ရှာဖွေရန် ပြည်ပသို့ တရားမဝင် ထွက်ခွာနေကြကြောင်း သိရသည်။

**ဆင်ဟွာ**

## ခရိုအေးရှားနိုင်ငံ၌ ဝက်စ်နိုင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅ ဦးရှိပြီး တစ်ဦးသေဆုံး

**ဇာဂရပ်ဘ် အောက်တိုဘာ ၂၉**

ခရိုအေးရှားနိုင်ငံ၌ ယခုနှစ်အတွင်း ဝက်စ်နိုင်း (West Nile) ဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၅ ဦးရှိပြီး တစ်ဦးသေဆုံးခဲ့ကြောင်း ခရိုအေးရှားနိုင်ငံ ပြည်သူ့ကျန်းမာရေးဌာနက အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားသည်။

ရောဂါကူးစက်ခံရသူများအနက် ၁၉ ဦးမှာ ရောဂါလက္ခဏာများ ပြသခဲ့ကြောင်း သိရသည်။ ယင်းတို့အနက် နှစ်ဦးမှာ ဝက်စ်နိုင်းအဖျားရောဂါ ခံစားခဲ့ရပြီး ၁၇ ဦးမှာ ဦးနှောက်နှင့် အာရုံကြောစနစ်ကို ထိခိုက်စေသည့် ရောဂါအမျိုးအစား ခံစားခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၂၉**

မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး တည်ထား ကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား၏ (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီး လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းကြီး၌ ကျင်းပသည်။

အဆိုပါ ဆွမ်းတော်ကြီး လောင်းလှူပွဲတွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာတော်အပါး ၂၅၇၀၊ သီလရှင်အပါး ၂၅၇၀ တို့ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများက တက်ရောက်ကြည်ညို လောင်းလှူကြပြီး ရေစက်သွန်းချမင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။

ထို့အတူ အမရပူရခရိုင် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထား ကိုးကွယ်အပ်သော ရတနာ ပုဏ္ဏဝရဒါဠာ ဓာတုစေတီယစွယ်တော်မြတ်စေတီတော် (မန္တလေး)တွင် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ လှူဒါန်းပြီး မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်ခဲ့သည့် ဆလိုက်မီးများ တပ်ဆင်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး မန္တလေးမြို့ အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ဆလိုက်မီးတပ်ဆင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တရုတ်ကောင်စစ်ဝန်ချုပ်တို့က ကမ္ပည်းကျောက်စာအား ဖွင့်လှစ်ပေးကြသည်။

မွန်းလွဲပိုင်းတွင် မန္တလေး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၃/၂၀၂၆) အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်းတို့နှင့် ပတ်သက်၍ အတည်ပြုမိန့် တင်ပြလာခြင်း၊ တိုးမြှင့်ခွင့်ပြုရန် တင်ပြလာခြင်း လျှောက်ထားလာမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန မှော်ဘီမြို့နယ်ရှိ မြို့နယ်အားကစားကွင်းနှင့် တိုက်ကြီးမြို့နယ်ရှိ ဂျိုးဖြူအားကစားကွင်း/ အားကစားရုံတို့ကို ယနေ့နံနက်ပိုင်းက အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/ အားကစားရုံများ ရေရှည် တည်တံ့စေရေးအတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရေးအတွက် သာယာဝတီမြို့ရှိ မိုးလုံလေလုံအားကစားရုံကြမ်းခင်းအဟောင်းအား ဖျက်သိမ်းပြီး ကြမ်းခင်းအသစ် ၁၀၁ x ၅၆ ပေ နှစ်ထပ်လျှာထိုးကြမ်းခင်း ပြုပြင်နေမှုနှင့် ဘောလုံးကွင်းတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ကြို့ပင်ကောက်မြို့နယ်အားကစားကွင်း ပွဲကြည့်စင် နှစ်ထပ် ပေ (၁၅၀ x ၂၀) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရှိ မင်္ဂလာရွှေပြည် အားကစားကွင်း ပေ (၁၂၀ x ၉၀) မိုးလုံလေလုံ အားကစားရုံ(ပွဲကြည့်စင်ပါ) RC နှစ်ထပ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်မြို့နယ်အားကစားကွင်း ပွဲကြည့်စင်ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ယူ ဆောင်ရွက်နေသည့် အဆောက်အအုံများ ရေရှည်တည်တံ့စေရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အဆင့်မီ အရည်အသွေးပြည့်မီပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် အဓိကဦးစားပေးပြီး တည်ဆောက်ပေးသွားရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇလွန်မြို့နယ်ရှိ ရေဝတီ-ဟသ်ာတတာ တာမိုင် ၂၉/၆ မှ ၃၀/၄ အတွင်းရှိ ညောင်ပင်သာပန်းတာအား ပွင့်လင်းရာသီတွင် အခိုင်အမာပြုပြင်ဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ ရေဝတီ-ဟသ်ာတတာ တာမိုင် ၂၉/၆ မှ ၃၀/၄ အတွင်းရှိ ညောင်ပင်သာ ပန်းတာအား ပွင့်လင်းရာသီတွင် အခိုင်အမာပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာ ၂၆ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစဉ် တာကိုယ်ထည် ကြံ့ခိုင်မှုရှိစေရန်အတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ မြေသားကောင်းများကို ရွေးချယ်၍ ဖို့ကြိတ်ရန်၊ တာတမံများ ရေရှည်တည်တံ့ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော တာတမံဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြရန်၊ တာတမံနယ်နိမိတ်အတွင်း တာတမံဥပဒေပါ တားမြစ်ချက်များနှင့် မလွတ်ကင်းသော ဆောင်ရွက်ချက်များ၊ ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သည့် ကျူးကျော်လုပ်ဆောင်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်တားဆီးသွားရန်၊ တာတမံကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းများအား ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ ဟန်ချက်ညီညီ ပူးပေါင်း၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာရှိ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၅ မှ ၁၃/၃ မိုင်ကို လည်းကောင်း၊ မအူပင်မြို့နယ်ရှိ ထနီးရေတံခါးနှင့် လှိုင်းတာရေတံခါးများ၏ ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ သန်လျင်မြို့နယ်ရှိ ဇာမဏီအင်းရေလှောင်တမံနှင့် ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းရေလှောင်တမံကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ခရမ်းမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဆွေ ဦးဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ထူးချွန် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၈ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမနှင့် လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

**သတင်းစဉ်**

### ရေချွေတာရေး နည်းလမ်းများ

- ❊ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❊ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❊ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❊ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❊ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံ့ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးဆီသို့ . . .

ဒေါက်တာစိုင်း (နည်းပညာ)



ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ သင်တန်းသားများ လက်တွေ့ပြုလုပ်နေသည်ကို တွေ့ရစဉ်။

**လူသားအရင်းအမြစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် သဘာဝသယံဇာတပေါကြွယ်ဝမှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးအရင်းအနှီးများ ပိုင်ဆိုင်မှုတို့က အရေးပါသကဲ့သို့ အရည်အသွေးမြင့် လူသားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်မှုသည်လည်း အဓိကကျသော အခြေခံအချက်တစ်ရပ် ဖြစ်သည်။

သဘာဝသယံဇာတများသည် အကန့်အသတ်ရှိနိုင်သော်လည်း လူသားတို့၏ အသိပညာ၊ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်သည်။ ထို့ကြောင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတစ်နိုင်ငံ၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် ရှုမြင်ကြခြင်း ဖြစ်ပါသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတက အရည်အသွေးမြင့် လူသားအရင်းအမြစ်များ မွေးထုတ်ရေး၊ ကုန်ထုတ်စွမ်းအားနှင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် အလုပ်လုပ်ကိုင်နေသူများ၏ လုပ်ငန်းကျွမ်းကျင်မှုများ မြှင့်တင်ရေးတို့ကို အလေးထား လမ်းညွှန်ခဲ့သည်။ အဆိုပါလမ်းညွှန်ချက်များသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အပြန်အလှန်ဆက်စပ်နေသော လုပ်ငန်းစဉ်များအဖြစ် ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြနေပါသည်။

**လူဦးရေဖွဲ့စည်းပုံနှင့် လုပ်သားအင်အားစု၏ အရေးပါမှု**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လူဦးရေစုစုပေါင်းထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေ၊ အမှန်တကယ် လုပ်သားအင်အားစုအတွင်း ပါဝင်နေသူများနှင့် ၎င်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည်တို့သည် အထူးအရေးပါသည်။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေများပြားခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်နိုင်သော်လည်း သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာရေးနှင့် ကျွမ်းကျင်မှုများ မဖန်တီးပေးနိုင်ပါက မျှော်မှန်းထားသည့် အကျိုးကျေးဇူးများကို အပြည့်အဝရရှိနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် လူဦးရေဖွဲ့စည်းပုံ၊ အလုပ်သမားဈေးကွက်လိုအပ်ချက်နှင့် ဒေသအလိုက် စီးပွားရေးအခွင့်အလမ်းများကို စနစ်တကျ လေ့လာဆန်းစစ်ရန် လိုအပ်သည်။ လူငယ်များ၊ အမျိုးသမီးများနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် ဒေသများရှိ ပြည်သူများအတွက် ပညာရေး၊ ကျွမ်းကျင်မှုသင်တန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်းသည်လည်း အရေးပါသည်။

**ပညာရေး၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်တို့ကို ချိတ်ဆက်ခြင်း**

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကရည်ရွယ်ချက်မှာ ပညာတတ်ဦးရေ တိုးပွားလာစေရန်သာမက သင်ယူတတ်မြောက်ထားသော အသိပညာနှင့် ကျွမ်းကျင်မှုများကို လက်တွေ့ဘဝနှင့် လုပ်ငန်းခွင်များတွင် ထိရောက်စွာအသုံးချနိုင်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်သည်။ အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးအထိ သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် နည်းပညာ ကျွမ်းကျင်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ရန် လိုအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ အထည်ချုပ် (CMP)၊ ဆောက်လုပ်ရေး၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများအတွက် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒေသအလိုက်နှင့် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များကိုလေ့လာ၍ လက်တွေ့ကျွမ်းကျင်မှုအခြေပြု သင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်း၍ လုပ်ငန်းခွင်လိုအပ်ချက်ရှိသည့် ကျွမ်းကျင်သင်တန်းများဖွင့်လှစ်ရေး၊ လုပ်ငန်းခွင်လက်တွေ့ လေ့ကျင့်ရေး၊ အလုပ်သင်အစီအစဉ်များနှင့် အလုပ်အကိုင် ချိတ်ဆက်ပေးရေးအစီအစဉ်များ ဖော်ဆောင်ခြင်းသည် ပညာရေးမှအလုပ်အကိုင်သို့ ကူးပြောင်းရာတွင် အထောက်အကူဖြစ်စေနိုင်ပါသည်။

**လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ်သင်ယူမှု**

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် ကျောင်းသားလူငယ်များအတွက်သာ ရည်ရွယ်သည့် လုပ်ငန်းစဉ်မဟုတ်ဘဲ လက်ရှိလုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်နေသူများ၏ ကျွမ်းကျင်မှုများကိုလည်း စဉ်ဆက်မပြတ် မြှင့်တင်ပေးရန် လိုအပ်သည်။ ဒီဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ၊ စက်မှုအလိုအလျောက်ထိန်းချုပ်မှုနှင့် ထုတ်လုပ်မှု နည်းပညာအသစ်များသည် လုပ်ငန်းခွင်ပုံစံများကို ပြောင်းလဲစေလျက်ရှိသည်။

ထိုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တင်ခြင်းနှင့် ကျွမ်းကျင်မှုအသစ်များ ပြန်လည်လေ့ကျင့်ပေးခြင်းတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ ကျွမ်းကျင်မှုမြင့်မားလာခြင်းသည် အချိန်ကုန်သက်သာစေခြင်း၊ အမှားအယွင်းနှင့် အလေအလွင့်များ လျော့နည်းစေခြင်း၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှုအရည်အသွေး မြင့်မားလာစေခြင်းတို့ကို အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် စဉ်ဆက်မပြတ် သင်ယူမှုကို အလေ့အထကောင်းတစ်ရပ်အဖြစ် မြှင့်တင်ရန်လိုအပ်သည်။

**သင်တန်းသားနည်းပါးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေး**

နိုင်ငံတော်နှင့် ပုဂ္ဂလိက TVET ဆိုင်ရာ ကျွမ်းကျင်သင်တန်းများကို အရင်းအနှီးများစွာ အသုံးပြုဖွင့်လှစ်ပေးသော်လည်း အမှန်တကယ်သင်တန်းတက်ရောက်မည့် သင်တန်းသားရှားပါးမှုသည်လည်း ကြုံတွေ့ရတတ်ပါသည်။ သင်တန်းများက မိမိတတ်ကျွမ်းသည့် ဘာသာရပ်သင်တန်းကိုသာ ဖွင့်လှစ်ပေးခြင်းဖြင့် လုပ်ငန်းခွင်လိုအပ်ချက်နှင့် လွဲမှားနေတတ်ကြပါသည်။

KG + 9 ပြီးအောင် မသင်ကြားနိုင်ကြသည့် လူငယ်ကျောင်းသားအများစုသည် မိသားစုအထောက်အကူပြုရန် ကျရာလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြပြီး သင်တန်းသုံးလတက်ရောက်ရမည့်ကိစ္စမှာလည်း ယင်းမိသားစု၊ လူငယ်များတွင် စိန်ခေါ်မှုဖြစ်နေသလို ကျွမ်းကျင်သင်တန်းပြီးပါက အလုပ်အကိုင်တန်းရမည်ဆိုပါက ပိုမိုအဆင်ပြေနိုင်ပါသည်။

သို့ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးသည် သင်တန်းများဖွင့်လှစ်ပေးခြင်း တစ်ခုတည်းဖြင့် ပြည့်စုံနိုင်မည်မဟုတ်ပေ။ အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာစေရန် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများတိုးမြှင့်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းများ အားပေးရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးတို့ကို တစ်ပြိုင်နက် ဆောင်ရွက်ရန်လိုအပ်သည်။

**လူသားအရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အနာဂတ်ကို တည်ဆောက်ခြင်း**

ပညာရေးမှ ကျွမ်းကျင်မှု၊ ကျွမ်းကျင်မှုမှ အလုပ်အကိုင်၊ အလုပ်အကိုင်မှ ကုန်ထုတ်စွမ်းအားနှင့် ကုန်ထုတ်စွမ်းအားမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသို့ ဆက်စပ်နေသော လုပ်ငန်းစဉ်များကို ဟန်ချက်ညီညီ ဖော်ဆောင်သွားရမည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် အစိုးရဌာနများ၊ ပညာရေးအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်မှုသည် အရေးပါသည်။

ဆောင်ရွက်ချက်များ၏ အောင်မြင်မှုကို သင်တန်းဆင်းဦးရေ၊ အလုပ်အကိုင်ရရှိမှု၊ လုပ်သားတစ်ဦးချင်းစီ၏ ကုန်ထုတ်စွမ်းအားနှင့် လုပ်ငန်းများ၏ အရည်အသွေးတိုးတက်မှုတို့ဖြင့် စနစ်တကျစောင့်ကြည့်အကဲဖြတ်ရန် လိုအပ်သည်။ အရည်အသွေးမြင့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ခြင်း၊ ကျွမ်းကျင်မှုနှင့် ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကို လက်တွေ့အသုံးချနိုင်ခြင်းတို့သည် နိုင်ငံ့ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးနှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်များပင်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။ ။

- ❖ **လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် ကျောင်းသားလူငယ်များအတွက်သာ ရည်ရွယ်သည့် လုပ်ငန်းစဉ်မဟုတ်ဘဲ လက်ရှိလုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်နေသူများ၏ ကျွမ်းကျင်မှုများကိုလည်း စဉ်ဆက်မပြတ် မြှင့်တင်ပေးရန် လိုအပ်**
- ❖ **အရည်အသွေးမြင့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ခြင်း၊ ကျွမ်းကျင်မှုနှင့် ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကို လက်တွေ့အသုံးချနိုင်ခြင်းတို့သည် နိုင်ငံ့ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးနှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက သော့ချက်များပင်ဖြစ်**



စက်မှုလုပ်ငန်းဆိုင်ရာ သင်တန်းသားများ လက်တွေ့ပြုလုပ်နေသည်ကို တွေ့ရစဉ်။



❂ *ကျော်ဖုံးမှ*

အသင်းမှ ပိစံက အမြန်မစံချိန် ၄၄ ကီလို၊ နှစ်ဆင့်မစံချိန် ၅၈ ကီလို နှင့် စုစုပေါင်းစံချိန် ၁၀၂ ကီလိုဖြင့် တတိယရရှိခဲ့သည်။

အမျိုးသမီး (၄၉) ကီလိုတန်း ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နော်အယ်ကညောဂျော့သည် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမြန်မပြိုင်ပွဲ၏ စံချိန် ၆၆ ကီလိုထက်ကျော်လွန်၍ ၆၇ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၈၆ ကီလိုထက်ကျော်လွန်၍ ၉၀ ကီလိုဖြင့် လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၁၅၀ ကီလိုထက်ကျော်လွန်၍ ၁၅၇ ကီလိုဖြင့်လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

ဆက်လက်၍ အမျိုးသား (၆၀)ကီလိုတန်း အုပ်စုအဆင့် ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စဇင်ဖြိုးအောင်က အမြန်မစံချိန် ၇၀ ကီလို၊ နှစ်ဆင့်မစံချိန် ၈၀ ကီလို၊ စုစုပေါင်းစံချိန် ၁၅၀ ကီလိုဖြင့် အဆင့်(၁)ကို လည်းကောင်း၊ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝဿန်မိုးက အမြန်မစံချိန် ၆၀ ကီလို၊ နှစ်ဆင့်မစံချိန် ၇၀ ကီလို စုစုပေါင်းစံချိန် ၁၃၀ ကီလိုဖြင့် အဆင့်(၂)ကို လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ပိုင်ဖြိုးက အမြန်မစံချိန် ၅၅ ကီလို၊ နှစ်ဆင့်မစံချိန် ၆၀ ကီလို၊ စုစုပေါင်းစံချိန် ၁၁၅ ကီလိုဖြင့် အဆင့်(၃)ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ထူးထက်ဇော်က အမြန်မစံချိန် ၅၀ ကီလို၊ နှစ်ဆင့်မစံချိန် ၅၀ ကီလို၊ စုစုပေါင်းစံချိန် ၁၀၀ ကီလိုဖြင့် အဆင့်(၄)တို့ကို လည်းကောင်း ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကာတွန်း




❍ *ကျော်ဖုံးမှ*

ကျင်းပပြုလုပ်မည်ဖြစ်ပြီး စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၂၆ -၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်စေရေး၊ ကျန်းမာကြံ့ခိုင်စေရေး၊ မျိုးဆက်သစ်နိုင်ငံလက်ရွေးစင် ဘောလုံးသမားများပေါ်ထွန်းလာစေရေးနှင့် အချင်းချင်းစည်းလုံးညီညွတ်မှုရှိစေရေးအတွက်ရည်ရွယ်ကာ သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးလျက်ရှိသည်။

**လူမော်(ပြန်/ဆက်)**

✥ *ကျော်ဖုံးမှ*

မွန်းလွဲပိုင်းပွဲစဉ်များတွင် SGF YOUTH အသင်းက BUSHIDO FC အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ MAHAR BURMA အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ကိုးဂိုး-ငါးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး VICTORIA FC အသင်းနှင့် FFU MINMAHAW အသင်းပွဲစဉ်တွင် တစ်ဖက်ခြောက်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဒုတိယအကျော့ အပတ်စဉ်(၁၄) ပြိုင်ပွဲများ အပြီးတွင် VICTORIA အသင်းနှင့် SGF YOUTH အသင်းက ၃၈ မှတ်စီ၊ MAHAR BURMA က ၃၁ မှတ်၊ FFU MINMAHAW အသင်းနှင့် PACIFIC SUN FAR အသင်းတို့က ၂၆ မှတ်စီ၊ UNITED CITY က ၂၄ မှတ်၊ AVENGERS JUNIOR က ၂၃ မှတ်၊ JULLNISS FC က ၂၁ မှတ်၊ TKA STARS FC က ၁၈ မှတ်၊ BUSHIDO FC က ၁၀ မှတ်၊ SHWE PYI THAR UTD FC က ၃ မှတ်နှင့် MAR REIN FC က ၃ မှတ် အသီးသီး ရရှိထားသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

❖ *ကျော်ဖုံးမှ*

အဆိုပါပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ လီဗာပူးက နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် ချယ်ဆီးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးပွဲဆက်နိုင်ပွဲရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။

အီးအက်ဖ်အယ်ဖလား ၁၀ ကြိမ်ဆွတ်ခူးရရှိထားသည့် လီဗာပူးအသင်းသည် ကွာတားဖိုင်နယ်တွင် ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဘုန်းမောက်အသင်းသည် စတုတ္ထအဆင့်တွင် အက်စ်တွန်ဗီလာအသင်းကို သုံးဂိုးပြတ်နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ် တက်လှမ်းလာသည့် အသင်းဖြစ်သည်။

အခြားပွဲစဉ် ရလဒ်များတွင် မန်စီးတီးက ဘရိုက်တန်ကို ပယ်နယ်တီ အဆုံးအဖြတ်တွင် လေးဂိုး-သုံးဂိုး၊ ခရစ္စတယ်ပဲလေ့စ်က ဖူလ်ဟမ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းက ဘရန့်ဖို့ဒ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ ဖလီးဝုဒ်တောင်းက အဲဗာတန် သို့မဟုတ် နယူးကာဆယ်၊ မန်စီးတီးက လိဂ်ဝမ်းကလပ် ဘရက်ဖို့ဒ်၊ ခရစ္စတယ်ပဲလေ့စ်က ဆန်းဒါးလန်း၊ လီဗာပူးက ဘုန်းမောက်အသင်းတို့နှင့်တွေ့ဆုံနေ သည်။

**အောင်ဇော်**

## မဟာအောင်မြေမြို့နယ်၌ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

**မဟာအောင်မြေ အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်၌ ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ ဒုတိယမီးသတ်ဦးစီးမှူး ဦးနေလင်းအောင် ဦးဆောင်ပြီး သန္နေမီးသတ်တပ်ဖွဲ့ဝင်လေးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်ခုနစ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးများပူးပေါင်း၍ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၉ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ၊ ၁၂ မိနစ် ၄၆ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၅၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့တောင်ဘက် ၂၇ မိုင်ခန့် အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၇၁ ဒီဂရီ၊ အနက် ၉၅ ကီလိုမီတာ ကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

◆ *ကျော်ဖုံးမှ*

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် အဆင့် (၃) နေရာမှ ဒဂုံစတားယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြဝတီအသင်းအတွက် ပွဲချိန် ၁၉ မိနစ်တွင် မျိုးမင်းခန့်က ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သော်လည်း ဒဂုံစတားယူနိုက်တက်အသင်းက ဒုတိယပိုင်း ပွဲချိန် ၆၆ မိနစ်တွင် ညီနိုင်နှင့် ၇၆ မိနစ်တွင် ဇေဘိုဘိုထွန်း တို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ AYA Pay Man of the Match ဆုကို ဒဂုံစတားယူနိုက်တက်အသင်းမှ ညီနိုင်က ရရှိခဲ့သည်။

အပတ်စဉ်(၂၁) ပြိုင်ပွဲများအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၄၉ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာသို့ တက်ရောက်ခဲ့ပြီး ISPE အသင်းက ၄၇ မှတ်ဖြင့် ဒုတိယနှင့် ဒဂုံစတားယူနိုက်တက်အသင်းက ၄၆ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-ML**

❒ *ကျော်ဖုံးမှ*

သွင်းယူပေးခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၄၉ မိနစ်တွင် ဝေမင်းထွဋ်၊ ၅၀ မိနစ်တွင် ထွန်းနိုင်စိုး၊ ၇၅ မိနစ်နှင့် ၈၆ မိနစ်တို့တွင် ဇော်ဇော်နိုင်တို့က သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay Player of the Match ဆုကို ရခိုင်ယူနိုက်တက် တိုက်စစ်မှူး ထွန်းနိုင်စိုးက ရရှိခဲ့သည်။

အပတ်စဉ်(၃) ဒုတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၃၀ ရက် (ယနေ့) တွင် Asia Lion အသင်းနှင့် VUE နေပြည်တော်အသင်းတို့ တက္ကသိုလ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MLII**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## သီတင်းကျွတ်ကျောင်းပိတ်ရက်များအတွင်း ကျောက်မောင်နှမကမ်းခြေသို့ အပန်းဖြေလည်ပတ်သူ များပြား

**ရွှေသောင်ယံ အောက်တိုဘာ ၂၉**

သီတင်းကျွတ်ကျောင်းပိတ်ရက်များအတွင်း ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံဒေသရှိ ကျောက်မောင်နှမ ကမ်းခြေသို့ အပန်းဖြေ လည်ပတ်သူများ လာရောက်မှု များပြားလျက်ရှိကြောင်း သိရသည်။



ကျောက်မောင်နှမ ကမ်းခြေသည် ချောင်းသာကမ်းခြေနှင့် ရွှေသောင်ယံကမ်းခြေတို့၏ အစပ်ပိုင်းတွင် တည်ရှိပြီး ပင်လယ်ကမ်းခြေ၏ သဘာဝအလှအပများကို ခံစားနိုင်သည့် နေရာတစ်ခုဖြစ်ကာ သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလတွင် မိသားစုလိုက်၊ သူငယ်ချင်းအပေါင်းအသင်းများနှင့်အတူ လာရောက်အပန်းဖြေသူများ၊ ပင်လယ်ကမ်းခြေရှုခင်းများကို ကြည့်ရှုခံစားပြီး အမှတ်တရ ဓာတ်ပုံရိုက်ကူးသူများဖြင့် စည်ကားလျက်ရှိသည်။

ကိုကိုမောင်(ပြန်/ဆက်)

## မိုင်းရယ်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့် ပတ်သက်၍ အသိပညာပေး

**မိုင်းရယ် အောက်တိုဘာ ၂၉**

မိုင်းရယ်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့် ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ညွှန့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်နှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ယနေ့နံနက်ပိုင်းက မြို့လယ်မဟာဗောဓိရွှေစေတီနှင့် ဆုတောင်းပြည့်ဘုရားကိုးဆူစေတီရှေ့နှင့် မြို့မဈေးကြီးတို့၌ ပြုလုပ်သည်။

ယင်းနောက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအတွင်း အယ်လ်နီညိုအန္တရာယ် ပြည်သူများပိုမိုသိရှိနားလည်စေရန်အတွက် မြန်မာ၊



ရှမ်း နှစ်ဘာသာဖြင့် အသိပေးနှိုးဆော်ခြင်းများကို အသံချဲ့စက်များဖြင့် လိုက်လံဆော်ဩခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ကော့သောင်းမြို့နယ်၌ အယ်လ်နီညိုဆိုင်ရာ အသိပညာပေးပွဲနှင့် မှိုစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေး ကွင်းသရုပ်ပြ

**ကော့သောင်း အောက်တိုဘာ ၂၉**

ကော့သောင်းမြို့နယ် (၁၀)မိုင်ဥယျာဉ်ခြံ၌ စိုက်ပျိုးရေးဦးစီးဌာနက အယ်လ်နီညိုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် မှိုစိုက်ပျိုးထုတ်လုပ်မှု



နည်းပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းထက်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စုပါအယ်လ်နီညိုဖြစ်စဉ်နှင့် ဆိုးကျိုးသက်ရောက်မှုများ၊ စိုက်ပျိုးရေးဆိုင်ရာ အဓိကကဏ္ဍ(၅)ခုဖြင့် စနစ်တကျပြင်ဆင်ဆောင်ရွက်သင့်သည့် အစီအမံများကို အသိပညာပေးဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တောင်သူများက (၁၀) မိုင်ဥယျာဉ်ခြံအတွင်း စမ်းသပ်ထုတ်လုပ်ထားသည့် ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲနှင့် အယ်လ်နီညိုရာသီဥတုဒဏ်ခံနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တောင်ငူမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**တောင်ငူ အောက်တိုဘာ ၂၉**

တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမ၌ အောက်တိုဘာ ၂၇ ရက်က တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေ



တိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများမှ လုပ်ငန်းထူထောင်လုပ်ကိုင်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများပေးအပ်ပွဲကို ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်၍ အသက်မွေးဝမ်းကျောင်း သင်တန်းများမှ ထူးချွန်သင်တန်းသား သင်တန်းသူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၉**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားလာသည့်အတွက် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး ယနေ့နံနက်ပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်အပိုင်း(၁) ကနောင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်စုံနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ အယ်လ်နီညိုအသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက UPG Paint & Coating



Co.,Ltd. အား မီးဘေးကြိုတင်ကာကွယ်ရေးစနစ်များ၊ မီးသတ်ပစ္စည်းကိရိယာများ အသင့်အသုံးပြုနိုင်မှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ရန်လင်း(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## တောင်ဥက္ကလာပမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၉**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက်တွင် တည်ထားကိုးကွယ်ထားသော ဥက္ကလာပစေတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းအပြင်နှင့် ရေးဟောင်းခုနစ်ဆူဘုရားဝင်းတို့၌ သင်္ချိုင်းကျွန်းခရိုင်အတွင်းရှိ သင်္ချိုင်းကျွန်း၊ တာမွေ၊ တောင်ဥက္ကလာပနှင့် ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့မှ စုစုပေါင်း အင်အား ၃၀၀ ခန့်ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ရေကြောင်းရဲတပ်ဖွဲ့စု(ကော့သောင်း)နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ အောက်တိုဘာ ၂၈ ရက်က ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ တရားမဝင်ကိရိယာများဖြင့် ငါး၊ ပုစွန်နှင့် အခြားရေနေသတ္တဝါများကို ဖမ်းဆီးခြင်း၊ မိုင်းခွဲခြင်းနှင့် ရှော့ခ်တိုက်ကိရိယာများဖြင့် တရားမဝင်ငါးဖမ်းဆီးခြင်းများမရှိစေရေး အသိပညာပေးဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

ခရိုင်(ပြန်/ဆက်)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၉**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

# မော်လမြိုင်မြို့နယ်၌ Polytechnic University (Mawlamyine) စီမံကိန်းပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် အောက်တိုဘာ ၂၉**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စု၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Polytechnic University (Mawlamyine) စီမံကိန်းပါ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးများနှင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ တည်ဆောက်သွားရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စီမံကိန်းပါ အဆောက်အအုံများတွင် ပါမောက္ခချုပ်/ဒုတိယပါမောက္ခချုပ် နေအိမ်၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်၊ ဆရာ ဆရာမအဆောင်၊ သရုပ်ပြ ဆရာ ဆရာမဆောင်၊ အရာထမ်းအိမ်ရာ၊ အလုပ်ရုံ၊ ဘောလုံးကွင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ ပြင်ပမီးသွယ်တန်းခြင်း၊ မြေအောက်ရေလှောင်ကန်၊ ရေ၊ မီး၊ မိလ္လာ၊ အဝီစိတွင်းနှင့် 400 V လိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မော်လမြိုင်မြို့ ကြာအင်းကျေးရွာအုပ်စုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဗညားဒလ အဆင့်မြင့်အိမ်ရာ စီမံကိန်း (၂) ရှိ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**





# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့ ကျောက်ကပ်စင်တာ၌ လူနာများ ကျောက်ကပ်သွေးသန့်စင်နေမှု ကြည့်ရှုအားပေး

**ပုသိမ် အောက်တိုဘာ ၂၉**

ပုသိမ်မြို့ရှိ မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း မေတ္တာရိပ်ကျန်းမာရေး စောင့်ရှောက်မှုအသင်း၏ ကျောက်ကပ်စင်တာ၌ လူနာများ ကျောက်ကပ်သွေးသန့်စင်နေမှုကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် သွားရောက်ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** အလှူရှင်များနှင့်အတူ ကျောက်ကပ်စင်တာအတွက် အလှူငွေများ ပေးအပ်သည်။

ဆက်လက်၍ ပုသိမ်ဟိုတယ်၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း၏ ယာယီတိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ (REC) ဖွဲ့စည်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ရန်ကုန်-ပုသိမ် ခရီးစဉ်ပြေးဆွဲရန်အတွက် ပြသထားရှိသည့် ZHONG TONG EV မော်တော်ယာဉ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ပညာ
ရဲရင့်
ပွဲလယ်တင့်



# ရွှေဘိုမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**ရွှေဘို အောက်တိုဘာ ၂၉**

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေဘိုခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာ ၂၈ ရက်က ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စုပေါင်းသွေးလှူဒါန်းသူများအတွက် အားဆေးများ၊ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေးအတွက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

**စဉ့်ကိုင် အောက်တိုဘာ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၅၅ ဒသမ ၃၂၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကင်းလပ်- မြောက်တောကြီး- တအုံလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ အဆိုပါလမ်းပိုင်းများ ဆောင်ရွက်ပြီးပါက ကျေးရွာလေးရွာရှိ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဆီဆိုင်မြို့နယ်ရှိ ကျေးရွာလေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

**ဆီဆိုင် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်နိုင်ခြေရှိသည့် နောင်ကျောကျေးရွာအုပ်စု လွယ်တဖြီး၊ ဖာလိုင်(ရှေ့)၊ ဖာလိုင်(နောက်) ကျေးရွာများနှင့် ပင်စုံကျေးရွာအုပ်စု ဖြီဟန်းခါးကျေးရွာများ ရေရရှိရေးဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၂၁ ရက်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သောက်သုံးရေရှားပါးမှုကို ကြိုတင်ကာကွယ်ဖြေရှင်းနိုင်မည့်အစီအစဉ်များ ရှင်းလင်းပြောကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဘုန်းမြတ်**





# အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလ ကျန်းမာအောင်နေထိုင်နိုင်ရေး၊ ကြိုတင်ကာကွယ် ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်စေရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၇)ရပ်ကွက် ပိတောက်မြိုင်ဈေးရှေ့၌ ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေလျက်ရှိရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရန်လင်း(ပြန်/ဆက်)**

# နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# အသိအမြင်တွေမှန်ကန်ဖို့ သင်ယူလေ့လာကြပါစို့

ကိုယဉ်ချစ်(မန္တလေး)

တိုးတက်ပြောင်းလဲနေသောခေတ်တွင် သင်ယူလေ့လာမှုမပြုကြသူများသည် အရာရာ၌ နောက်ကျကျန်နေခဲ့ကြပါမည်။ သင်ယူလေ့လာခြင်းမှ အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ပါသည်။

ပညာဆိုသည်မှာ ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်၊ အတတ်ဟု မြန်မာအဘိဓာန်၌ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ယေဘုယျအားဖြင့် ပညာကို အသိပညာနှင့် အတတ်ပညာဟု ခွဲခြားနိုင်သည်။ အသိပညာသည် ကြားမြင်ရာမှဖြစ်စေ၊ ဖတ်ရှုလေ့လာရာမှဖြစ်စေ ရရှိသည့်အသိဉာဏ်ဖြစ်ပြီး အတတ်ပညာသည် နှုတ်မှု၊ လက်မှုပညာရပ်များ ဖြစ်သည်။

အသိဆိုသည်မှာ ဆင်ခြင်တတ်မှု၊ နားလည်တတ်မှုဖြစ်သည်။ ကြားသိမြင်တွေ့ရသည့် အကြောင်းအရာများ၊ လေ့လာဆည်းပူး၍ရရှိလာသည့် အသိများနှင့် ပေါင်းစပ်အခြေခံထားသည့် ဉာဏ်ကို အသိဉာဏ်ဟုဆိုသည်။ အသိဉာဏ်သည် တွေးခေါ်မြော်မြင်တတ်သည့်၊ ဆင်ခြင်တတ်သည့်ဉာဏ်ဖြစ်သည်။

အတတ်ပညာသည် နေ့စဉ်ပြုနေကြသည့် စကားပြောခြင်းနှင့် အလုပ်လုပ်ကိုင်နေကြရာမှ ရရှိလာသည့် အတွေ့အကြုံများ ဖြစ်ပါသည်။ မျက်မှောက်ကာလ၌ အသိပညာ၊ အတတ်ပညာများအပြင် နည်းပညာများလည်း တိုးတက်ထွန်းကားလာသည်။ နည်းပညာများသည် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့် သဘာဝရှိခြင်းကြောင့် ပြောင်းလဲမှုများကို စိန်ခေါ်နိုင်အောင် သင်ယူလေ့လာနေကြရပါမည်။

အသိပညာ၊ အတတ်ပညာ၊ နည်းပညာများ အသုံးချနိုင်သည့်အပေါ် မူတည်၍ အလုပ်နှင့် လုပ်နည်းလုပ်ဟန်များ ကွဲပြားသွားကြသည်။ လုပ်ကိုင်သူ၏ အရည်အချင်းနှင့် လုပ်ငန်းအရည်အသွေးများ ခြားနားသွားကြသည်။ ထို့ကြောင့် လူတစ်ဦးနှင့်တစ်ဦး ဆင်းရဲခြင်း၊ ချမ်းသာခြင်းများလည်း ကွဲပြားခြားနားနေခြင်းဖြစ်သည်။ ထို့ကြောင့် ပညာသည် လူနေမှုအဆင့်အတန်းများကို ကွဲပြားခြားနားစေနိုင်သော အကြောင်းတစ်ရပ် ဖြစ်လာပါသည်။

"ပညာ"နှင့်ပတ်သက်၍ ရှင်မဟာရဋ္ဌသာရက ပညာပွားကြောင်းတရား ၈ ပါး ဆုံးမစာကို ရေးသားဆုံးမခဲ့ပါသည်။ **"သု - စိ - ပု - ဘာ - ဝိ - လိ - သိ- ဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့** အစချီသည့် ပညာပွားကြောင်းတရား ၈ ပါးမှာ (၁) သု = သုဏေယျ = ကြားနာရာ၏။ (၂) စိ = စိန္တေယျ = ကြံစည် ရာ၏ ။ (၃) ပု = ပုစ္ဆေယျ= မေးမြန်းရာ၏ ။ (၄) ဘာ = ဘာသေယျ = ပြောဆိုရာ၏ ။ (၅) ဝိ = ဝိစာရေယျ = စူးစမ်းဆင်ခြင်ရာ၏။ (၆) လိ = လိခေယျ = ရေးသားရာ၏။ (၇) သိ= သိက္ခေယျ = လေ့ကျင့်ရာ၏။ (၈) ဓာ = ဓာရေယျ= နှုတ်ငုံဆောင်ရာ၏တို့ဖြစ်သည်။

ပညာပွားကြောင်းတရား ၈ ပါးကို လိုက်နာကျင့်သုံးကြပါက လူတိုင်းတွင် ရှိသင့်သည့်၊ လိုအပ်နေသည့် ခွဲခြားသိမြင်နိုင်သောအသိဉာဏ်(ပညာ) များ ရရှိပိုင်ဆိုင်လာပါမည်။ ပညာသည် ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး ကြီးပွားတိုးတက်စေနိုင်သည့် လမ်းစများကိုလည်း ညွှန်ပြပေးနိုင်ပါသည်။ ပညာပွားကြောင်းတရား ၈ ပါး၏ ဝေါဟာရတစ်ခုချင်း၌ အနက်အဓိပ္ပာယ်များသည် ကျယ်ဝန်းနက်ရှိုင်းပါသည်။

### ကြားနာခြင်း

ကြားနာခြင်းဆိုသည်မှာ နားမှကြားခြင်း၊ သိခြင်းများဖြစ်သည်။ ဟောပြောပွဲ၊ တရားပွဲ၊ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများကို တက်ရောက်နားထောင်ခြင်းများဖြင့် မသိသေးသည့် အသိများသိရသည်။ သိထားသည့် အသိများထဲတွင် မိမိကမှန်သည်ဟု ထင်ထားသော်လည်း မှားယွင်းနေသည့်အသိများ၊ အသုံးမဝင်ဟု မှတ်ယူထားသော်လည်း တန်ဖိုးရှိသည့်အသိများ ရှိနေတတ်သည်။ ကြားနာဖန်များလာပါက အမှန်နှင့် အမှားကို ခွဲခြားလာနိုင်သည်။ မကောင်းသည့်အသိ၊ အမှားသိနေသည့်အသိများကို သိမြင်လာပြီး ရှောင်ကြဉ်လာနိုင်သည်။ အချိန်တိုအတွင်း ကြားနာလိုက်ရသည့် အသိတစ်ခုကြောင့် ဘဝတစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်ပါသည်။

ကြားသမျှကို လက်ခံရန်မဟုတ်ဘဲ အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြား၍ လက်ခံသင့်သည်ကိုသာ လက်ခံရပါမည်။ အများပြောနေကြပြီး အပြောများနေသည်များကို အမှန်ဟုယူဆ၍ လက်ခံယုံကြည်ခြင်းမျိုးလည်း မဖြစ်သင့်ပါ။ ပယောဂပူးကပ်နေတတ်သည့် အခြေအမြစ်မရှိသည့် အကြောင်းအရာများကို အလွယ်တကူ ယုံကြည်လက်ခံမိပါက ကောလာဟလ ရေစီးကြောင်းထဲတွင် မျောပါသွားတတ်သည်ကို ဂရုပြုသင့်ပါသည်။

သရေခေတ္တရာခေတ် သုပညာနာဂရဆိန္နမင်း လက်ထက်က အမျိုးသမီးတစ်ယောက်၏ လက်ထဲမှ ဆန်ကောချပ်သည် လေပွေထဲတွင် လွင့်ပါသွား၍ "ငါ့ဆန်ကော၊ ငါ့ဆန်ကော"ဟု အော်ဟစ်ရင်း ဆန်ကောနောက်သို့ ပြေးလိုက်ခဲ့သည်။ ဘေးလူများက "ငစကော"ဟု နားကြားလွဲကြပြီး ငစကော တပ်ကြီး ချီတက်လာပြီဟု သဘောပေါက်ကာ စိုးရိမ်ထိတ်လန့်စိတ်များဖြင့် အော်ဟစ်ပြေးလွှားကြရာမှ နှစ်ပေါင်းများစွာတည်တံ့ခဲ့သော သရေခေတ္တရာမြို့ကြီး ချုပ်ငြိမ်းခဲ့ရသည့် သာဓကရှိခဲ့ဖူးသည်။ ဆိုလိုသည်မှာ ကြားနာရသည့်စကားတိုင်းကို အမှန်လား၊ အမှားလားဆင်ခြင်ပြီးမှ လက်ခံယုံကြည်နိုင်ကြရန်ဖြစ်ပါသည်။

### ကြံစည်ခြင်း

လူတိုင်းသည် မိမိတို့ဘဝ တိုးတက်ကြီးပွားရေးအတွက် ကြံစည်အားထုတ်မှုများ ပြုလုပ်ကြရပါသည်။ ကြံစည်ခြင်းဆိုသည်မှာ စိတ်ကူးခြင်း၊ တွေးတောခြင်းဖြစ်သည် ။ စိတ်ကူးများ၊ အတွေးများသည် သဘာဝကျရန်နှင့် ကောင်းကျိုးရှိရန် လိုအပ်ပါသည်။ ကြံစည်တွေးတောမှု လွန်ကဲပါက လက်တွေ့ဘဝနှင့် ကင်းကွာသွားတတ်သည်။ အတ္တလွန်ကဲလွန်းပါကလည်း ကိုယ်သာအကျိုးရှိပြီး အများကို သောက၊ ဒုက္ခများဖြစ်စေပါသည်။ ကိုယ့်အကျိုးရော သူတစ်ပါးအကျိုးကိုပါ ဖြစ်ထွန်းစေမည့် မျှတသည့် ကြံစည်ခြင်းမျိုးသာ ပြုသင့်ပါသည်။

### မေးမြန်းခြင်း

လူတိုင်းတွင် အရာရာပြီးပြည့်စုံခြင်း မရှိနိုင်ပါ။ ပညာတတ်သည်ဖြစ်စေ၊ စည်းစိမ်ဓနဥစ္စာပြည့်စုံသည်ဖြစ်စေ၊ ရာထူးဌာနန္တရရှိသည်ဖြစ်စေ ပြည့်စုံစွာ မသိနိုင်သေးသည့် အကြောင်းအရာများစွာ ရှိနေတတ်ပါသည်။ "မသိလျှင်မေး၊ မစင်လျှင်ဆေး" ဆိုစကားအတိုင်း ကိုယ်မသိသေးသည့် အကြောင်းအရာများကို မေးမြန်း၍ သင်ယူလေ့လာပြီး သိအောင် လုပ်ကြရပါမည်။

မသိသေးသည်ကို သိအောင်မလုပ်ဘဲ သိသလို၊ တတ်သလိုနှင့် လောကကြီးကို ဖြတ်သန်းမိပါက ယောင်ဝါးဝါးနှင့် သိသည့်အသိသာ ဖြစ်ပါမည်။ လူ့ဘဝ၌ မှန်ကန်သည့်အသိများ ရှိရန်လိုအပ်ခြင်းကြောင့် မသိသေးသည်ကို သိအောင်မေးမြန်းသင်ယူလေ့လာနေကြရပါမည်။ တချို့က မသိသေးတာကို သိသူထံမှ မေးမြန်းရမည်ကို ဂုဏ်ငယ်သည်ဟု ထင်ထားကြပြီး ကိုယ်သိသလောက်နှင့်သာ တင်းတိမ်ရောင့်ရဲနေတတ်ကြပါသည်။ မည်သူမဆို မသိသေးသည်များကို သိနိုင်ရန် မေးမြန်းစူးစမ်းခြင်းဆိုသည့် အရင်းအနှီးကို စိုက်ထုတ်သင့်ပါသည်။

> **"လူတိုင်း၌ သညာအသိနှင့် ပညာအသိများရှိကြသည်။ ရှိထားသည့် အသိများက မှန်ကန်သည့် အသိများဖြစ်မှသာ မိမိရော ပတ်ဝန်းကျင်ကိုပါ အကျိုးဖြစ်ထွန်းစေပါသည်။ အသိအမြင်များ မှန်ကန်စွာသိရှိနိုင်ရန် ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ် (သို့မဟုတ်) ပညာများကို အမြဲမပြတ် သင်ယူလေ့လာနေကြရပါမည်။ သင်ယူလေ့လာကြရာတွင် ပညာပွားကြောင်းတရား ၈ ပါးကို အခြေခံ၍ လိုက်နာကျင့်သုံးနိုင်ပါက ပိုမိုအကျိုးသက်ရောက်မှုရှိနိုင် "**

### ပြောဆိုခြင်း

စကားပြောဆိုခြင်းသည် လူမှုဆက်ဆံရေးတွင် အခြေခံအကျဆုံးအလုပ်ဖြစ်သည်။ လူတိုင်းက အိပ်ရာထချိန်မှ အိပ်ရာဝင်ချိန်အထိ အလုပ်လုပ်ကြရင်း စကားပြောကြသည်။ စကားပြောဆိုခြင်းကို သာမန်ကိစ္စတစ်ခုလို သဘောမထားဘဲ အတတ်ပညာတစ်ခုအဖြစ် မှတ်ယူ၍ စကားပြောဆိုမှု ကျွမ်းကျင်အောင် သင်ယူလေ့လာနေကြရန် လိုပါသည်။

စကားပြောကြသည့်အခါ ပြောသူ၏ တန်ဖိုးနှင့် အရည်အချင်းကို အကဲဖြတ်နိုင်ပါသည်။ ပြောဆိုသည့် စကားသည် သိမ်မွေ့ချိုသာပြီး တစ်ဖက်သားက ယုံကြည်လက်ခံနိုင်သည့် စကားမျိုးကသာ တစ်ဖက်သားထံမှ အကျိုးရှိသည့် တုံ့ပြန်မှုများကို ပြန်လည် ရရှိစေနိုင်ပါသည်။ မဟုတ်မမှန်သည့်စကား၊ ချောပစ်ကုန်းတိုက်သည့် စကား၊ ရန်တိုက်ပေးသည့်စကား၊ မသင့်မတင့်ဖြစ်အောင် ပြောဆိုသည့်စကား၊ ကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာ ပြောသည့်စကား၊ မိမိသူတစ်ပါး နှစ်ဦးစလုံး လုံးဝအကျိုးမရှိသည့် စကားတွေကို ရှောင်ကြဉ်ပြောဆိုရပါမည်။ တည်ကြည်လေးနက်သည့် စကားကိုသာပြောဆိုသင့်ပြီး အထွေထွေ အငေါ့၊ အစောင်းအချိတ်၊ ရိတိတိပြောဆို တတ်သူများသည် ပတ်ဝန်းကျင်ကောင်းများနှင့် ကင်းဝေးသွားတတ်ပါသည်။

### စူးစမ်းဆင်ခြင်ခြင်း

လောကကြီးတွင် ကိုယ်မသိသေးသည့် အကြောင်းအရာများ မိမိပတ်ဝန်းကျင်၌ ရှိနေတတ်ပါသည်။ မသိသေးသည့် အကြောင်းအရာများကို သိထား၊ တတ်ထားသူများထံမှ စူးစမ်းမေးမြန်း၍ ဆင်ခြင်လက်ခံနိုင်ပါသည်။ စူးစမ်းလေ့လာခြင်းကို စာပေဖတ်ရှုလေ့လာခြင်းမှလည်း ရရှိနိုင်သည်။ စာဖတ်ခြင်းသည် မသိသေးသည်ကို သိလာနိုင်သည်။ သိထားသည့် အသိများအပြင် အခြားအသိများလည်း ပိုပြီးသိလာနိုင်သည်။ မှားယွင်းသည့်အယူအဆအစွဲအလမ်းများကို ပယ်ဖျက်ပေးနိုင်သည်။ သို့ရာတွင် စူးစမ်းလေ့လာရာမှ သိရှိလာသည့် အသိများကို အလွယ်တကူလက်မခံဘဲ ဆင်ခြင်သုံးသပ် လက်ခံတတ်ရန်လည်း လိုအပ်ပါသည်။

### ရေးသားခြင်း

စာဖတ်ကြသူများသည် စာတွေ့အသိများကို နှုတ်ဖြင့် ပြန်ပြောနိုင်သကဲ့သို့ စာရေးသား၍လည်း ပြောနိုင်ပါသည်။ သာမန်လူတစ်ဦးအနေဖြင့် စာဖြင့် ပြန်လည်ရေးသားရန် အခက်အခဲရှိနိုင်ပါသည်။ စာရေးသည့် အလုပ်သည် အနုပညာတစ်ရပ်ဖြစ်ခြင်းကြောင့် ဖတ်ရှုလေ့လာမှု၊ အတွေ့အကြုံရှိမှု၊ စာရေးခြင်းကို ဝါသနာပါမှုများရှိရန် လိုပါသည်။ စာရေးခြင်းသည် အတွေ့အကြုံ၊ အသိအမြင်နှင့် ဗဟုသုတများကို လူအများ ပြန်လည်မျှဝေပေးခြင်းဖြစ်ပါသည်။

စာရေးနိုင်ရန် အသိပညာဗဟုသုတဝမ်းစာများ ပြည့်ဝနေစေရန် စာများများဖတ်ရပါမည်။ စာဖတ်များလာပါက အတွေးအမြင်များ ကျယ်ပြန့်လာခြင်း၊ အတ္တများလျော့နည်းလာခြင်း၊ တစ်ဖက်သားအပေါ် မေတ္တာ၊ ကရုဏာတရားများ ထားတတ်လာခြင်း ကိုယ်ချင်းစာစိတ်များ ဖြစ်ပေါ်လာခြင်း အကျိုးများ ရရှိလာပါမည်။ စာရေးခြင်းသည် ပညာဆိုသည့် ခွဲခြားသိမြင်နိုင်သည့် အသိဉာဏ်များ တိုးပွားလာနိုင်ခြင်းကြောင့် လုပ်သင့်သည့် အလုပ်တစ်ခုဖြစ်သည်။

### လေ့ကျင့်ခြင်း

လူတိုင်းကိုယ်စီ စွမ်းအားများ ရှိကြပါသည်။ မရှိသေးသည့် စွမ်းအားများရှိလာစေရန် သင်ယူလေ့လာထားသည့် ပညာရပ်များဖြင့် ကြိုးစားရယူနိုင်ပါသည်။ တတ်မြောက်ပြီးပါက ကျွမ်းကျင်ရန် လေ့ကျင့်ရပါမည်။ ဥပမာအနေဖြင့် အားကစားသမားတစ်ဦးသည် ခွန်အားပြည့်စုံသော်လည်း ကစားလိုသည့် အားကစားနည်းကို တတ်မြောက်ရန် ဦးစွာသင်ယူရသည်။ သင်ယူပြီးပါက ကျွမ်းကျင်ရန်နှင့် အနိုင်ရရှိဖို့ လေ့ကျင့်မှုများကို အမြဲမပြတ်ပြုလုပ်ရပါသည်။ လေ့ကျင့်ခြင်းသည် တတ်မြောက်ပြီး ပညာများကို ပိုမိုတိုးတက်စေနိုင်ပါသည်။

### နှုတ်ငုံဆောင်ခြင်း

သိထားသည့်အသိများကို စိတ်ထဲ၌မှတ်ထားခြင်း၊ စာရေးမှတ်သားထားခြင်းများအပြင် အချို့အသိများကို အလွတ်ကျက်မှတ် နှုတ်ငုံဆောင်ထားသင့်ကြသည်။ မြန်မာမှုနယ်ပယ်တွင် ရှေးပညာရှိကြီးများ၏ ဆုံးမစာများ၊ ကိုးကွယ်မှုဆိုင်ရာများ၊ လောကနီတိကဲ့သို့ လိုက်နာကျင့်ကြံရမည့် အကြောင်းအရာများကို အလွတ်ကျက်မှတ်ထားသင့်ပါသည်။ နှုတ်ငုံဆောင်ထားသည့် အကြောင်းအရာများကို လိုအပ်သလို ပြန်လည်အသုံးချ၍ အများကို အကျိုးပြုပေးနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လူတိုင်း၌ သညာအသိနှင့် ပညာအသိများရှိကြသည်။ ရှိထားသည့် အသိများက မှန်ကန်သည့် အသိများဖြစ်မှသာ မိမိရော ပတ်ဝန်းကျင်ကိုပါ အကျိုးဖြစ်ထွန်းစေပါသည်။ အသိအမြင်များ မှန်ကန်စွာသိရှိနိုင်ရန် ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ် (သို့မဟုတ်) ပညာများကို အမြဲမပြတ် သင်ယူလေ့လာနေကြရပါမည်။ သင်ယူလေ့လာကြရာတွင် ပညာပွားကြောင်း တရား ၈ ပါးကို အခြေခံ၍ လိုက်နာကျင့်သုံးနိုင်ပါက ပိုမိုအကျိုးသက်ရောက်မှုရှိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

- မြန်မာအဘိဓာန်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန
- ဆရာကြီးဦးသုခ၏ မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၂၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

# ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင် တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၉ ရက် ညနေပိုင်းတွင် တမံရှိရေ ၂၉၆ ဒသမ ၉၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၈ ဒသမ ၁၀ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၉**

အနာဂတ် ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်

# မော်လမြိုင်ကျွန်းမြို့နယ်၌ အယ်လ်နီညိုကာလအတွင်း ကျေးရွာများတွင် ရေရရှိရေးဆောင်ရွက်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၉**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေတွင်းကုန်းကျေးရွာအုပ်စု စလောင်းကျကျေးရွာ၊ လေးဂွကျေးရွာ၊ လှိုင်းဘုန်းကျေးရွာအုပ်စု၊ သစ်နီဖွဲကျေးရွာ၊ အိမ်တော်ရာ စခန်းကျေးရွာနှင့် လှိုင်းဘုန်း(အနောက်) ကျေးရွာတို့တွင် အယ်လ်နီညိုကာလ သောက်သုံးရေ ရှားပါးပြတ်လပ်နိုင်မှုနှင့် သောက်သုံးရေများ စနစ်တကျသိုလှောင်သုံးစွဲမှု အခြေအနေများကို မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာအဖွဲ့က ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများ ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြေသားမိုးရေလှောင်ကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသုံးစွဲရန်နှင့် ကျေးရွာသူကျေးရွာသားများအား အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေရှားပါးပြတ်လပ်မှု သတိပေးနှိုးဆော်ချက်များကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

# ရွှေတောင်မြို့နယ်၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရွှေတောင် အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများက မြို့ပြနှင့်ကျေးလက်ဒေသများအတွင်း အယ်လ်နီညိုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုများနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ကြာနီကန်ရပ်ကွက် ရွှေကြာတင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်နေပြည်သူများအား အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်တတ်သော သဘာဝဘေး အန္တရာယ်များအကြောင်းနှင့် အပူဒဏ်အန္တရာယ် ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# လေရှီးမြို့၌ မှျစ်စို၊ မှျစ်ခြောက်နှင့် အသုံးဆောင်များ ထုတ်လုပ်နည်းသင်တန်းဖွင့်

**လေရှီး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ်တွင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှဦးစီး၍ ဒေသထွက် မှျစ်စို၊ မှျစ်ခြောက်ထုတ်လုပ်ခြင်းနှင့် ဝါးဖြင့် အသုံးဆောင်များ ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်က လေရှီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရိပ်သာ(၂) ခန်းမဆောင်၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နှစ်ရက်တာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး မြို့နယ်အတွင်းမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်သင်ကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ထပ်မံဖြိုချပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၃၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



## အမျိုးသမီးများကို ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ် ခိုင်းစေပြီး ရရှိသည့် ငွေကြေးများအား ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၂၉

အမျိုးသမီးများကို ဘီယာဆိုင်နှင့် KTVဆိုင်များသို့ ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ် ခိုင်းစေပြီးရရှိသည့် ငွေကြေးများအား ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီချမှတ်ပြီး တိမ်းရှောင်တရားခံ ဖြူစင်သော်(ခ) မိုချီ အားရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်နေသူများဖြစ်သည့် အမျိုးသမီး ၁၃ ဦးတို့ကို မန္တလေးတိုင်းဒေသကြီးနေသူများဖြစ်သည့် သဇင်(ခ)ရာသက်ပန်၊ ကျော်မင်းထွန်း၊ ကျော်သူလင်း(ခ)ကိုပြည့်၊ အောင်လွင်ဦးနှင့် ဝေလင်းဦး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်နေ လေးလေးမြင့်(ခ)ခွန်းနှင့် ပဲခူးတိုင်းဒေသကြီးနေ ဖြူစင်သော်(ခ)မိုချီတို့မှ နည်းမျိုးစုံဖြင့် လိမ်လည်စည်းရုံးပြီး ၎င်းတို့နေထိုင်ရာဒေသမှ မန္တလေးသို့ခေါ်ယူပြီး ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ စေလွှတ်ကာ ဧည့်သည် အမျိုးသားများနှင့် ဘီယာဝိုင်းတွင်ထိုင်စေခြင်း၊ ပြင်ပသို့လိုက်၍ အတူနေထိုင်စေခြင်း၊ အဆင်မပြေ၍ အလုပ်မလုပ်လိုကြောင်း ပြောသော်လည်း ငွေကျပ် ၁၅ သိန်းပေးမှ ပြန်လည်စေလွှတ်မည်ဟု ပြောဆိုခြင်း၊ အမျိုးသားများနှင့် ပြင်ပသို့လိုက်၍ အတူနေထိုင်က တစ်ကြိမ်လျှင် ငွေကျပ် ၂ သိန်းမှ ၂ သိန်းခွဲထိပေးမည်ဟု ပြောဆိုခိုင်းစေခြင်းကို စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုနယ်မြေရဲစခန်း (ပ)၁၂၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် မဟာအောင်မြေခရိုင် တရားရုံးမှ ဖမ်းမိတရားခံ သဇင်(ခ)ရာသက်ပန်၊ ကျော်မင်းထွန်း၊ ကျော်သူလင်း(ခ)ကိုပြည့်၊ အောင်လွင်ဦး၊ ဝေလင်းဦးနှင့် လေးလေးမြင့်(ခ)ခွန်းတို့ ၆ ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဖြူစင်သော်(ခ)မိုချီ အားရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ချစ်စရာ့အရွယ်ကစားကြမယ် ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၉

"ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၁ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် MRTV–HD Channelမှ ရန်ကုန်မြို့ရှိ အမှတ်(၂) ပုဇွန်တောင် မူလတန်းကြိုကျောင်းနှင့် ကျွန်းတော် မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံတို့ကို ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။




အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်း ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် နိုဝင်ဘာ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV – HD Channel တွင် အောက်တိုဘာ ၂ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် ထပ်မံပြသမည်ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြင်းခြံမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အကြိုစုပေါင်းသွေးလှူ



မြင်းခြံ အောက်တိုဘာ ၂၉

နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြိုအဖြစ် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင်ပြုလုပ်ရာ ဝန်ထမ်း ၁၁ ဦးက သွေးလှူဒါန်းကြသည်။ သွေးလှူဒါန်းသည့် ဝန်ထမ်းများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အားဖြည့်အချိုရည်များနှင့် အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်ဦးနွေ့(မြင်းခြံ)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## မတ္တရာမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၇

| | | |
|---|---|---|
| ၁။ မမြသဥ္ဇာလီ(ခ)မသဥ္ဇာ | နှင့် | ၁။ ဦးသင်းနိုင်ဦး(ခ)ဦးသင်း |
| ၂။ ကိုနိုင်ဝင်းထွန်း(ခ)နိုင်းထက်ကျော် | | ၂။ ဒေါ်သဲမြတ်နိုး |
| (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲ | | ၃။ ဒေါ်နုနု |
| စာရရှိသူ–မမြသဥ္ဇာလီ(ခ)မသဥ္ဇာ) | | |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ လမိုင်းကျေးရွာ အုပ်စု၊ ဘိုကုန်း ကျေးရွာနေ (၁) တရားပြိုင် ဦးသင်းနိုင်ဦး(ခ)ဦးသင်း (ဘ)ဦးမြင့် နှင့် (၂)တရားပြိုင် ဒေါ်သဲမြတ်နိုး (ဘ) ဦးသိန်းတန် (ယခု နေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်တို့အပေါ်၌ မမြသဥ္ဇာလီ(ခ)မသဥ္ဇာနှင့်ကိုနိုင်ဝင်းထွန်း (ခ) နိုင်းထက်ကျော် (၎င်း၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ– မမြသဥ္ဇာလီ(ခ)မသဥ္ဇာ)က "မြေကွက်အား အထက်ပါပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာ၍ လက်ရောက်ပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်၊ (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုတို့၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုတို့က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်၊သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( စက်ရှိန်သာ )
**တွဲဖက်မြို့နယ်တရားသူကြီး**
**မတ္တရာမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6S/1560 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ အသဃ(၂၅)လမ်း၊ မြေကွက် အမှတ်(၇၇၃/ခ)၊ နှစ်(၆၀)ဂရန်မြေ၊ ဦးပြုံး (S/OKA–၀၂၂၈၅၃)၊ ဒေါ်ထွေး(S/OKA–၀၇၉၈၇၂) အမည်ပေါက်၊ (၃၆ပေx ပေ၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၃၃ ပေx ၅၄ ပေ) အကျယ်အဝန်း၊ အလယ်လှေကားပါ (၆)ထပ်၊ ရင်ကွဲ အဆောက်အအုံ၏ (၆)လွှာ အကျယ်အဝန်း (၁၆ ½ ပေx ၅၄ ပေ) (တိုက်မျက်နှာမူ ဘယ်ဘက်ခြမ်း) တိုက်ခန်းနှင့် ရေ+မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဇော်မင်းထွန်း (၁၂/ဥကမ (နိုင်)၂၆၃၀၁၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးပိုင်(၁၃/တကန(နိုင်)၂၃၈၈၅၄)၊ ဒေါ်စုလှဖြူ(ခ)ထက်ထက်ဦးလွင်**
**(၁၃/တကန(နိုင်)၂၄၅၇၉၉) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိမွန်ကျော် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၈၉၅)**
**ရုံးခန်း – က/၇၂၇၊ ခေမာသီလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း– ၀၉ ၄၂၁၀ ၇၇၃၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/81965, Canda –125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၉/မတရ(နိုင်)၀၁၀၆၁၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/35731, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၉/ပမန(နိုင်) ၀၁၂၂၈၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/35044, Shoyan 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးအောင် ၉/မတရ(နိုင်) ၁၆၉၈၅၇က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/17732, Tyomax 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၉/မတရ(နိုင်) ၁၇၅၅၀၈က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁၅

| | | |
|---|---|---|
| ၁။ ဦးဝင်းမော် | နှင့် | ဦးသန်း |
| ၂။ ဒေါ်ငွေးငွေးနိုင် | | |
| **တရားလိုများ** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက် ၊ ၆၅ – ၆၇ လမ်းကြား၊ ၁၁၆ –၁၁၇ လမ်းကြား၊ အကွက်အမှတ်(ဟ–၈) နေ ဦးသန်း (ဘ) ဦးဘသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းမော် ပါ–၂ဦး တို့က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ–၉) ၊ဦးပိုင်အမှတ် (၈၇) ၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးသန်းအမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း (၂၀x၆၀)ပေ ဂရန်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း Grade–1တွင် ပညာသင်ကြားနေသော (ဘ)ဦးလူလူမင်း ၁၄/ဟသတ (နိုင်) ၂၈၆၇၃၅၏သမီး မဆုရတနာအောင်(ခ)မဆုယွန်းရတီမှာ အိမ်ထောင်စုလူဦးရေစာရင်းအရ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဆုရတနာအောင်(ခ) မဆုယွန်းရတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် (၇၁ᵏ)၊ ဧရိယာ (၀.၀၉၂)ဧကရှိ ဦးရတ်ချ်ကူးမား အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား ဦးရတ်ချ်ကူးမား (ဘ) ဦးဘာဘူလာလ်(ခ)ဦးသန်းမြင့်၊ ၉/တကန(နိုင်)၀၀၅၃၅၅မှ မြေငှားစာချုပ်သက်တမ်းတိုးပေးပါရန် နှစ် (၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူများတင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါသည့်ရက်မှစ၍(၁၅) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၁)ရပ်ကွက်၊ ပန်းဝါ(၂)လမ်း၊ မြေကွက်အမှတ် (၁၀၂)ရှိ အကျယ်အဝန်း အလျား ပေ(၄၀ )xအနံပေ(၆၀)၊ ဧရိယာ (၂၄၀၀) စတုရန်းပေရှိ ဒေါ်မြင့် မြင့်စိန် (၉/မနမ(နိုင်)၀၂၆၈၁၅) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးထွန်းသက်ဦး (၉/မရမ(နိုင်)၀၀၅၅၈၅) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်အိအိခိုင် (၁၄/မအပ(နိုင်)၂၀၄၄၀၀)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု အထောက်အထားများ ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်အိအိခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဂျူလိုင်မိုး(LL.B, D.B.L, D.I.L, WIPO DL–101 Switzerland)**
**အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
**အမှတ် (၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း – ၀၉–၄၅၆၁၃၃၄၄၆၊ ၀၉–၇၇၅၀၀၈၃၆၅**

## ဒေါ်လင်းသီတာအောင်(၁၂/လကန(နိုင်)၂၁၆၇၂၈)နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၃၅)၊ (ခေတ္တ USA)တွင်နေထိုင်သူ ကိုကြီးပွားအောင်(ဘ)ဦးစိုးမြင့်၊ မှတ်ပုံတင်အမှတ်–၁၂/ဗတထ(နိုင်)၀၄၇၅၂၈ ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ကိုကြီးပွားအောင်နှင့်မလင်းသီတာအောင်တို့သည် (၄–၄–၂၀၂၃)ရက်တွင် တရားဝင် လက်ထပ်ခဲ့ပြီး သားယယ်မောင်စွမ်းပြည့်ရှင်အား မွေးဖွားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ကိုကြီးပွားအောင်သည် (၁၂–၆– ၂၀၂၃)ရက် ကတည်းက ပြည်ပနိုင်ငံသို့သွားရောက်ခဲ့ပြီး သားယယ်အားမိဘများမှတစ်ဆင့်ထောက်ပံ့သည်မှလွဲ၍ ယနေ့အချိန်ထိ ဒေါ်လင်းသီတာအောင်နှင့် ဆက်သွယ်ခြင်း၊ ပေါင်းသင်းခြင်းမရှိတော့ပါ။ ဒေါ်လင်းသီတာအောင်နှင့် ဆက်လက်ပေါင်းသင်းလိုခြင်းမရှိကြောင်းနှင့် ကွာရှင်းမည်ဖြစ်ကြောင်းလည်း ၂၀၂၅–ခုနှစ်၊ ဧပြီလကတည်းက တရားဝင်အသိပေး အကြောင်းကြားပြီးလည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေ ကိုကြီးပွားအောင်နှင့် မလင်းသီတာအောင်တို့မှာ (၁၃–၆–၂၀၂၄)ရက် ကတည်းက လင်ခန်းမယားခန်း မသက်ဆိုင်တော့ကြောင်းနှင့် မလင်းသီတာအောင်နှင့်စပ်လျဉ်းသည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုကြီးပွားအောင်(၁၂/ဗတထ(နိုင်)၀၄၇၅၂၈)၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကေသီကျော် LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၃၅၀)**
**Ph–09–5506143, 09–799487280**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ နန်းတစ် (၁၃/ကတန (နိုင်)၁၄၇၈၈၅)၏ ပတ်စ်ပို့နံပါတ် (ME–037198) DATE OF ISSUE (7–3–2019) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၇၀၇၂၈၅၁၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ခမုံဆိပ်အုပ်စု၊ တာ့မြောက်ကျေးရွာနေ ဦးတင်ဝင်း၏သမီး မရီရီသန့် ၇/လပတ(နိုင်)၁၆၃၆၃၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၆၂၈၉၀၄၂၄**

## အများသိရှိနိုင်ပါရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (မြိုင်သာယာ/ပြည်တော်အေးတိုးချဲ့ကွက်သစ်)၊ ပေ–၄၀လမ်းရှိ မြေကွက်အမှတ်(၃၅၅) ဟု ခေါ်တွင်သည့် အကျယ်ပေ(၄၀ x ၆၀)ရှိ ခြံမြေကွက်သည် သန်လျင်/ကျောက်တန်းမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေချပါမစ်စာရင်းတွင် ဦးစိန်သန်း (ဘ) ဦးထွန်းမောင် (SRM–047044) အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးမျိုးသက် (၈/ခမရ(နိုင်)၁၃၄၉၆၉)က အဆိုပါခြံမြေနှင့်ပတ်သက်၍ မိမိတစ်ဦးတည်းကသာ တရားဝင်လက်ရောက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အဆိုပါခြံမြေအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးပိုက်ထွေး(၅/ကနန(နိုင်)၀၄၂၁၅၉) မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးပိုက်ထွေး** | **ဒေါ်သဲဆုဇာခြည်သိမ့်** |

**LL.B,D.B.L,D.I.L.(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၄၆)**
**အမှတ်(၃၇)၊ T.T.U ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၇၉၆၉၆၃၆၅၁၊ ၀၉–၄၄၅၉၇၉၁၂၆**

## အများသိစေရန် တောင်းပန်ခြင်း

မြန်မာနိုင်ငံ၌ Apple Authorized Reseller အဖြစ် အများပြည်သူ၏ယုံကြည်မှုနှင့် ကောင်းသော ဂုဏ်သတင်းကို ရရှိထားသော mDrive ၏ ထင်ပေါ်ကျော်ကြားမှုနှင့် အကျိုးစီးပွားကိုထိခိုက်စေသည့် မဟုတ်မမှန်သော အချက်အလက်များကို ကျွန်တော် ဦးမင်းခန့်ဖြိုး (၉/ခအဇ(နိုင်)၀၂၉၈၄၈)က မိမိ၏လူမှုကွန်ရက်၌လည်းကောင်း၊ မိုဘိုင်းဖုန်းအရောင်းအဝယ်ပြု လုပ်သူများ၏ လူမှုကွန်ရက် group chat များ၌လည်းကောင်း ရေးသားခြင်း၊ မှတ်ချက်ပြုခြင်း၊ လှုံ့ဆော်ခြင်းတို့ကို ပြုလုပ်ခဲ့သဖြင့် mDrive နှင့် သုံးစွဲသူများကို နစ်နာဆုံးရှုံးမှု ဖြစ်စေခဲ့ပါသည်။

ကျွန်တော်သည် mDrive နှင့်စပ်လျဉ်း၍ မှန်ကန်ခြင်းမရှိသောအချက်အလက်များဖြင့် ဖော်ပြခဲ့ခြင်းများကို ခြွင်း ချက်မရှိ ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ကျွန်တော်၏ပြုလုပ်မှုကြောင့် mDrive နှင့် သုံးစွဲသူများ၏နစ်နာခဲ့မှုများကို ခွင့်လွှတ် ပေးပါရန် mDrive မှ တာဝန်ရှိလူကြီးများကိုလည်းကောင်း၊ သုံးစွဲမှုများကိုလည်းကောင်း အများသိစေရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ဦးမင်းခန့်ဖြိုး (၉/ခအဇ(နိုင်)၀၂၉၈၄၈)**
**၂၅ လမ်း၊ ၈၇/၈၈ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**

## မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မိုးစစ်ကျေးရွာနေ (ဘ) ဦးအောင်မြင့်၏သမီး မအေးသက်မွန် ၁/ရကန (နိုင်)၀၇၃၃၇၂ ၏ မွေးသက္ကရာဇ် အမှန်မှာ (၆–၁၁–၂၀၀၁) အစား (၆–၁၂–၂၀၀၁)မှာ အမှန်ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန် (၆–၁၂–၂၀၀၁)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့၊ ရွာကိုင်းကောင်း ကျေးရွာနေ စောလင်းကျော် ၏ ဖခင် ဦးစောလှကျော် (ခ)ဦးလှကျော် ၃/ဘလန (နိုင်)၀၈၅၆၆၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစောလှကျော် (ခ)ဦးလှကျော်**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှာ(၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၈–B)၊ မြေကွက်အမှတ်(၂၃၆)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေအား ဦးသီဟံစိုးမှ မြေငှားဂရန် အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများ အပြီးအပြတ် ခွဲဝေရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်သန့်လွင် [၁၁/ကပန(နိုင်)၀၆၄၁၇၅) (ဘ) ဦးချမ်းသာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးမောင်မောင်သန့်လွင် [၁၁/ကပန(နိုင်)၀၆၄၁၇၅] (ဘ)ဦးချမ်းသာဦးနှင့် ဒေါ်အိသိမ့်သိမ့်သူ [၁၄/အဂပ(နိုင်) ၁၈၇၀၁၆] (ဘ)ဦးအေးသန်းတို့သည် တရားဝင် အကြင်လင်မယားအဖြစ် (၉–၁၁–၂၀၂၂)ခုနှစ်မှစ၍ ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထား ချင်းမတိုက်ဆိုင်တော့ပါသဖြင့် (၂၁–၁၀–၂၀၂၆)ရက်တွင် ပျဉ်းမနားခရိုင် တရားရုံးတော်၌ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်းကတိ စာချုပ်ချုပ်ဆို၍ ဥပဒေနှင့်အညီ လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုသို့နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးနောက် နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများ ခွဲဝေခြင်းကတိစာချုပ်၊ ကလေးအုပ်ထိန်းခွင့်နှင့် နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်များအား ဆက်လက်ချုပ်ဆိုကာ အသိသက်သေများရှေ့တွင် အသီးသီး လက်မှတ်ရေးထိုး၍ စာချုပ်များချုပ်ဆိုခဲ့ကြပြီးနောက် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၅/ တပင်ရွှေထီးရပ်၊ မြေကွက်အမှတ်–ပစ(င)၃၅၉၅၊ အလျားပေ(၆၀)၊ အနံပေ (၄၀)၊ ဧရိယာ(၀.၀၅၅) ဧက (စတုရန်းပေ–၂၄၀၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် RC တစ်ထပ်တိုက်နှင့် အိမ်ထောင်ပရိဘောဂများအား ဒေါ်အိသိမ့်သိမ့်သူမှ ဦးမောင်မောင်သန့်လွင်ထံသို့ အပြီးအပိုင်ခွဲဝေပေးအပ်သည့် စာချုပ်ချုပ်ဆိုကာ နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများအပေါ် ခွဲဝေရယူခဲ့ကြ၍ မိမိတို့အသီးသီးရရှိသော ပစ္စည်းများအပေါ် လက်ရောက်ရယူပိုင်ဆိုင်ပြီးဖြစ်၍ ဦးမောင်မောင်သန့်လွင်နှင့် ဒေါ်အိသိမ့်သိမ့်သူတို့သည် (၂၁–၁၀–၂၀၂၆)ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေး စသည့်ကိစ္စရပ်တို့တွင် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းတို့နှစ်ဦးကြား ထပ်မံခွဲဝေရန် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ ကျန်ရှိခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်သန့်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သိင်္ဂီဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ၊ စဉ်(၁၃၃၆၃/၂၀၁၇)**
**အိမ်အမှတ်(၁၄/၂၂၃)၊ ပေါင်းလောင်း(၁၀)လမ်း၊ ပျဉ်းမနားမြို့၊**
**ဖုန်း–၀၉–၄၂၀၇၁၇၄၀၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/4282 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9949 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/9589 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/85744 ယာဉ်လက်ဝယ်ရှိသူ စောထူးဖော ၇/ဖမန (နိုင်)၁၃၁၃၈၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်တက္ကသိုလ်
## (၁၃၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျင်းပခဲ့သော ပါရဂူဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာသိပ္ပံဘွဲ့ (CHRD)၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ (CHRD)၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲများကို ဖြေဆို အောင်မြင်ခဲ့ကြ သူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ (၂)ရက်မှ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ (၁၃) ရက်အထိ တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံမတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့ အတွက် သာလျှင် လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ရယူလျက် (၃) လအတွင်း ရိုက်ကူးထားသော(၁.၅x၂) လက်မ အရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၂)ပုံ(မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် (မြန်မာ့ထမီ၊ အင်္ကျီ) တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။) ဘာသာရေးဝတ်စုံဖြင့် တက်ရောက်ခွင့်မရှိပါ။ မှတ်ပုံတင်မူရင်း/မိတ္တူ၊ ကျောင်းသားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း/မိတ္တူတို့ကိုပူးတွဲ၍လျှောက်ထားရမည်။ ဤတက္ကသိုလ်မှ ယခင်ဘွဲ့ရပြီးဖြစ်ပါက ဘွဲ့လက်မှတ်မူရင်း/မိတ္တူကို တစ်ပါတည်း ယူဆောင်လာရမည်။

၃။ ပါရဂူဘွဲ့လျှောက်ထားမည့်သူများသည် (၁.၅x၂)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံ (၃) ပုံ ယူဆောင်လာရမည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက သတ်မှတ်ကာလရောက်မှ သာ ဘွဲ့လက်မှတ်ထုတ်ပေးမည်။

၅။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည်ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀ိ/-ကျပ် (ကျပ်တစ်သောင်းငါးထောင်တိတိ)ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀ိ/-ကျပ် (ကျပ်တစ်သောင်းတိတိ) ပေးသွင်းကြရပါမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ ရန်ကုန်တက္ကသိုလ် ငွေလက်ခံ ဌာနသို့စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာ ရေးသား၍ လျှောက်လွှာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်အသေးစိတ်ကိုထပ်မံကြေညာ ပါမည်။

ဌာနမှူး
(သင်တန်းရေးရာ)
ရန်ကုန်တက္ကသိုလ်

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ )
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် -၄၈၉

| | | |
|---|---|---|
| ဒေါ်အေးအေး (ကိုယ်တိုင်နှင့် ကျန်လျှောက်ထားသူများ၏ အခွင့်ရကိုယ်စားလှယ်) ပါ ၆ | နှင့် | ၁။ ဒေါ်သင်းသင်းခိုင် ၂။ ဦးဘရန်အောင် |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၁၅၆/၂၀၂၆ ၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်စွဲပါ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် (၁၂/ဘီ) နေ လျှောက်ထားခံရသူ(၂) ဦးဘရန်အောင် (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးသိန်းဇော်က တင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်(၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် ) နံနက် (၁၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ် လိမ့်မည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( တင်မေလတ် )
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ် ၉၆က၊ ဧရိယာ(၀.၁၃၀)ဧကရှိ ဒေါ်အုံးကျင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးအောင်ကျော် ၁၂/အစန(နိုင်)၀၁၃၇၂၅ (ပါ)၃-ဦးတို့မှ ပျဉ်းမနားမြို့နယ်မြေစာရင်းဦးစီးဌာန၏ ရုံးအမိန့်အမှတ် (၇၂/၂၀၀၃-၂၀၀၄)၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီး
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်၊ မကွေးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကုန်ထုတ်လမ်းတံတားလုပ်ငန်း (၁)ခုကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် တင်ဒါလျှောက်လွှာပုံစံများကို (၂-၁၁-၂၀၂၆) ရက်မှ (၁၁-၁၁-၂၀၂၆)ရက်အတွင်း မကွေးမြို့၊ အောင်မေတ္တာ(က)ရပ်ကွက်၊ ဘိုးရတနာဇက်ဆိပ်လမ်းရှိ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဝယ်ယူနိုင်ပြီး (၁၃-၁၁-၂၀၂၆)ရက် နံနက်(၀၉:၃၀)နာရီတွင် ပြန်လည် တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်အပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ) အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၉-၄၄၈၅၃၃၀၇၁၊ ၀၉-၄၄၉၄၅၂၆၅၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ GRC Condo, အခန်းအမှတ်(6-B)၊ မှတ်ပုံတင်အမှတ် - ၁၂/ဒဂမ(နိုင်)၀၁၉၆၆၇ ကိုင်ဆောင်သူ ဒေါ်နန်းဆုရည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ယာဉ်အမှတ်- HH/1870, Toyota Corolla Flider Taxi နှင့် HH/3967, Toyota Probox NCP50 ယာဉ်တို့မှာ ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်ပိုင်ဆိုင်သော မော်တော်ယာဉ်များဖြစ်ကြပါသည်။ အဆိုပါမော်တော်ယာဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများနှင့် မော်တော်ယာဉ်(၂)စီးတို့မှာ လွန်ခဲ့သော(၃)ရက်ခန့်က ခိုးယူခံခဲ့ရပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မော်တော်ယာဉ်(၂)စီး နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ဝယ်ယူထားခြင်း၊ ပေါင်နှံထားခြင်း၊ တစ်ဆင့်ပေးကမ်းထားခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ရောင်းချခြင်း၊ ဝယ်ယူထားခြင်း၊ ပေါင်နှံထားခြင်း၊ တစ်ဆင့်ပေးကမ်းထားခြင်းများ ဆောင်ရွက်ထားပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယာဉ်(၂)စီးနှင့်ပတ်သက်၍ လက်ဝယ်ထားရှိသူများမှ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်းဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၁၇၀)**
**ဖုန်း- ၀၉- ၄၂၀၁၈၀၃၀၂**

## ဦးသိန်းဆောင်(၁၂/မဂဒ(နိုင်)၀၁၆၇၇၇)နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်၊ (၇) လမ်း၊ အမှတ် (၈၃/ခ)နေ ဒေါ်သန္တာကျော် ၁၂/သလန (နိုင်) ၀၀၀၂၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၁/က ချစ်တီးကုန်းရပ်ကွက်၊ (၇) လမ်း၊ အမှတ်(၃၈/ခ)ဟုခေါ်တွင်သော အလျား(၂၀)ပေxအနံ(၅၅)ပေရှိ ဦးသိန်းဆောင် ၁၂/မဂဒ(နိုင်) ၀၁၆၇၇၇ အမည်ပေါက် ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသိန်းဆောင်ထံမှ ဒေါ်သန္တာကျော်သည် အရပ်စာချုပ်ဖြင့် ဝယ်ယူကာလက်ရှိနေထိုင် ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အား ဝယ်ယူသူ ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုခဲ့၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။သတ်မှတ်ရက်အတွင်း ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သန္တာကျော်** | **ဒေါ်ချိုချိုလွင်(LL.B),(D.I.L),(D.B.L)** |
| **၁၂/သလန(နိုင်)၀၀၀၂၇၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၃)** |
| | **အမှတ်-၆၅၄(၄-လွှာ)၊ပြည်သာယာလမ်း၊** |
| | **၁၆/၄ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၅၃၀၂၁၅၄** |

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊အမှတ်(၈) ရပ်ကွက်နေ၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၈/အမှတ်(၈) ရပ်ကွက်)၊ ဦးပိုင်အမှတ်(၇၉)၊ မြေဧရိယာ(၀.၀၈၁) ဧကရှိ မြေနေရာအား ဦးစိုင်းနွဲ့မား အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန်ရရှိထားပြီးဖြစ်ရာ ထုတ်ပေးထားသည့် ဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်၍ သက်တမ်းတိုးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဦးစိုင်းနွဲ့မားသည် ၂၀၂၁ ခုနှစ်တွင် ကွယ်လွန်သွားပြီဖြစ်၍ ဦးစိုင်းနွဲ့မား၏ ဇနီးဖြစ်သူ ဒေါ်အီကျဲန်ဖူး ၁၃/မယတ(နိုင်) ၀၀၁၅၃၄ မှ ဂရန်အမည်ပြောင်း ၊ သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အကြောင်းပြချက်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အီကျဲန်ဖူး ၁၃/မယတ (နိုင်) ၀၀၁၅၃၄**
**အမှတ်(၈) ရပ်ကွက်၊ မိုင်းယောင်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/10109 Zong Shen-110M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၈/မမန(နိုင်)၁၁၀၄၆၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊**
**မုံရွာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/77366 ZONGSHEN-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရှိုင်းကိုကို ၅/ကနန(နိုင်) ၀၇၅၂၇၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊**
**မုံရွာ**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## ( အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁)
## ဇေယျာသီရိခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄

ဦးအောင်နေလင်း **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်နေ အရွယ်မရောက်သေးသူ မမေဝသန်အောင်သွင် နှင့်မဝင့်ရွှေမှုံနွယ် ၄င်းပိုင်သော ပစ္စည်းဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်နေ ဦးအောင်နေလင်း က အထက် အမည်ပါရှိသော အရွယ်မရောက်သေးသူ မမေဝသန်အောင်သွင် နှင့် မဝင့်ရွှေမှုံနွယ် တို့၏ လက်ရှိချိန်တွင် အုပ်ထိန်းသူဖြစ်သည် ဟူ၍ ၎င်းသူတို့၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့ လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်(၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယမင်းသန့်)
ဒုတိယခရိုင်တရားသူကြီး(၁)
ဇေယျာသီရိခရိုင်တရားရုံး

## အများသိစေရန်အသိပေးကြော်ငြာခြင်း

၁။ ဒေါ်နော်ခူဖေါ ၃/ဘအန(နိုင်)၄၃၄၂၃၉ ၏ကိုယ်စားလှယ်လွှဲစာရရှိသူ(ညီမ) ဒေါ်နော်စန်းခင် (၃/ဘအန(နိုင်)၃၅၁၅၇၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

၂။ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နော်ခူဖေါနှင့် ဦးတင်မင်းနိုင်(ဘ) ဦးသာဖိုးတိုတို့သည် (၂၀၁၅) ခုနှစ်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပြီး သမီးဖြစ်သူ နော်ခိုင်အေးဝင်း(၁၀) နှစ်ကိုမွေးဖွားခဲ့ပါသည်။

၃။ ခင်ပွန်းဖြစ်သူ ဦးတင်မင်းနိုင် သည် (၂၀၁၆)ခုနှစ် (၇) ပိုင်းမှစ၍ (၁၀) နှစ်တိုင်တိုင် ဇနီးဖြစ်သူ နှင့် သမီးအပေါ် စီးပွားရေး၊ လူမှုရေးနှင့် အစစအရာရာ မည်သည့်ထောက်ပံ့စောင့်ရှောက်မှုမျှမပြုဘဲ စွန့်ပစ်ထားခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ခင်ပွန်းဖြစ်သူ ဦးတင်မင်းနိုင်အနေဖြင့် ယခုကြော်ငြာပါရှိသည့် ရက်မှစ၍ (၃၀) ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ ဖြစ်စေ အကြောင်းကြား ဆက်သွယ်၍ ရှင်းလင်းခြင်းမရှိပါက ခင်ပွန်းဖြစ်သူ ဦးတင်မင်းနိုင်ထံမှ တရားဝင်ကွာရှင်းပြတ်စဲခွင့်နှင့် ကလေးသူငယ် အုပ်ထိန်းခွင့်တို့အတွက် တည်ဆဲဥပဒေများနှင့်အညီတရားရုံးတွင် ဆက်လက် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နော်စန်းခင်** | **ဦးစောလှိုင်ဝင်း (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၇၅၁)** |
| | **(၂၁-၁၂-၂၀၂၀)** |
| | **အမှတ်(၄)ရပ်ကွက်၊ အင်ကုန်းလမ်း၊** |
| | **ဘားအံမြို့၊ ဖုန်း-09 -255997325** |

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၃၉၉/က)၊ လူနေရပ်ကွက်အမှတ်(၇၂)၊ အောင်ဇေယျ(၂)လမ်း၊ မြေကွက်အမှတ်(ခ/၂၀၆ + ခ/၂၀၇) ခ/၂၀၅ ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲဌာနတွင် ဒေါ်လှဲ့လှဲ့(ခ)ဖုန်းရီပင်း ၁၂/ဗတထ(နိုင်)၀၂၈၈၅၄ အမည်ဖြင့် မှတ်သားထားရှိသော အကျယ်အဝန်း အလျား( ၃၂/၃၀ ) ပေ x အနံ ( ၅၉/၆၁ )ပေ ဧရိယာ(၀.၄၂)ဧက ရှိသော နှစ်(၆၀)ဂရန်နှင့် မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ လူနေရပ်ကွက်အမှတ်(ဖော့ကန်)၊ အောင်ဇေယျ(၂)လမ်း၊ မြေကွက်အမှတ် (ခ/၂၀၅)ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဝါဝါ ၁၃/လရန (နိုင်)၀၇၄၉၀၁ အမည်ဖြင့် မှတ်သားထားရှိသော အကျယ်အဝန်း အလျား(၂၀)ပေx အနံ(၆၀)ပေ နှစ်(၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်လှဲ့လှဲ့ (ခ) ဖုန်းရီပင်းအမည်ပေါက် မြေငှားစာချုပ် နှစ်(၆၀) ဂရန်မြေကွက်နှင့် ဒေါ်ဝါဝါ အမည်ပေါက် မြေငှားစာချုပ် နှစ် (၆၀) ဂရန်မြေကွက်တို့ကို ဒေါ်လှဲ့လှဲ့ (ခ) ဖုန်းရီပင်း နှင့် ဒေါ်ဝါဝါ တို့က လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလာခြင်းအပေါ် ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ဇေထူး ၁၂/မဂတ(နိုင်)၁၁၃၈၆၂ မှ ဝယ်ယူရန် သဘောတူညီခဲ့ပြီး အထက်ပါမြေကွက် (၂) ကွက်လုံးအတွက် တန်ဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဒေါ်လှဲ့လှဲ့ (ခ) ဖုန်းရီပင်း နှင့် ဒေါ်ဝါဝါတို့ ရောင်းချသည့် မြေကွက်များနှင့်စပ်လျဉ်း၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်ဇေထူး ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်း အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ် ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်ဇေထူး** | **ဦးထွန်းမြတ် (LL.B) ၊ စဉ်-၉၃၁၃** |
| **၁၂/မဂတ(နိုင်)၁၁၃၈၆၂** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း ၀၉-၉၇၂၂၇၇၄၂၂** | **ဖုန်း ၀၉-၂၅၀၁၆၈၁၇၈** |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/4859 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/60575 Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းကျော်အောင် ၅/ဆလက(နိုင်) ၀၉၂၃၅၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊**
**မုံရွာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/32745 Kenbo-125M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Co;Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/55324 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်တင် ၉/ခမစ(နိုင်)၀၀၇၄၁၅ က မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/3756 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပုပ္ပားကုန်းရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး(၂) ၊ မြေကွက်အမှတ်(၂၇၂)၊ အလျားx အနံ(၆၀x၆၀) ပေရှိ မြေကွက်အား ဇေယျာသီရိမြို့နယ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးလေးအောင် ၄/ပလဝ(နိုင်) ၀၀၀၂၁၂ အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ ဦးလေးအောင်ထံမှ ဦးတင်စိုးဦး ၉/မရတ(နိုင်) ၀၉၀၀၂၇ ကလည်းကောင်း၊ ဦးတင်စိုးဦးထံမှ ဦးဟန်ထွန်းဦး ၉/မဟမ (နိုင်) ၁၂၈၂၈၇ ကလည်းကောင်း၊ ဦးဟန်ထွန်းဦးထံမှ ဦးအောင်ရဲကျော် ၅/ဝလန(နိုင်)၁၅၅၁၉၅ ကလည်းကောင်း အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပါသည်။ဦးအောင်ရဲကျော်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုလှိုင်ဖြိုး ၉/ပမန(နိုင်)၁၈၃၇၁၃ မှ ဆက်လက်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၃) ရက်အတွင်း စာချုပ်စာတမ်း မူရင်းများ၊ တရားရုံးမှအမိန့်ဒီကရီမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စုလှိုင်ဖြိုး ၉/ပမန(နိုင်)၁၈၃၇၁၃** | **ဒေါ်တင်မိုမို့စိန်(တရားလွှတ်တော်ရှေ့နေ)** |
| | **အမှတ်(၄၇၄)၊ ပိတောက်လမ်း၊ ပြည်စံအောင်ရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊** |
| | **နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၃၅၉၉၇**

## အများသိစေရန်ကြေညာခြင်း

ဒေါ်တင်တင်ရီ ၁၂/မဂဒ(နိုင်)၀၇၉၀၃၉၊ အမှတ်(၁၇)၊ အောင်သပြေ(၃)လမ်း ၊ မြောက်ပိုင်းရပ်ကွက် ၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူမှ ဒေါ်သက်သက်ဌေး ၁၂/မဂဒ(နိုင်)၁၀၇၁၂၃ သိရှိစေရန် အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်-

ဒေါ်သက်သက်ဌေးမှ စီးပွားရေးလုပ်ရန်အတွက်သုံးစွဲရန်ငွေလိုသောကြောင့် ကျွန်မထံမှ ငွေကျပ် (၃၂၅,၀၀၀၀၀ိ/)ကို (၁၅-၃-၂၀၂၄) ရက်တွင် ချေးငှားရယူသွားခဲ့ပြီးနောက် ဒေါ်သက်သက်ဌေးမှ ပြန်ပေးဆပ်ရန် ကတိပြုထားသော(၁၁-၅-၂၀၂၄) ရက်တွင်လည်း ပြန်လည်ပေးဆပ်ခြင်းမရှိခဲ့ပါ။ (၁၂-၅-၂၀၂၄) ရက် သွားတောင်းစဉ်ကလည်း ပေးဆပ်ခြင်းမရှိခဲ့ပါ။ (၁၉-၅-၂၀၂၄) ရက်နှစ်ဦးနှစ်ဖက်တွေ့ဆုံညှိနှိုင်းစဉ်တွင် ဒေါ်သက်သက်ဌေးမှ ချေးငွေ ပြန်ဆပ်ရန် ၎င်းပိုင်ဆိုင်သည့် အမှတ်(၅၃)၊ ပျဉ်းမပင်(၇)လမ်း၊ ပျဉ်းမပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ၊ အလျား(၃၀)ပေ x အနံ (၃၀) ပေ အကျယ်ရှိသောမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်တို့ကို ရောင်းချပြီးပေးဆပ်ပါမည်ဟု ကတိပြုခဲ့ပြီး ဝယ်ယူမည့်သူများပေါ်လာသည့်အခါ ဒေါ်သက်သက်ဌေးမှ ရောင်းချဆောင်ရွက်မပေးဘဲ တိမ်းရှောင်နေခဲ့ပါသည်။ ထို့ကြောင့် ကျွန်မ အိမ်ဆောက်လုပ်ရန်စုထားသည့်ငွေများဖြင့် ဒေါ်သက်သက်ဌေးအား ချေးငှားကူညီပေးခဲ့သည့်အပေါ် ဒေါ်သက်သက်ဌေးဘက်မှ ချေးငွေ ပြန်ပေးဆပ်ရန် ပျက်ကွက်နေပါသောကြောင့် ကျွန်မတွင် နစ်နာဆုံးရှုံးမှုများစွာဖြစ်ပေါ်နေပါ၍ ကျွန်မဘက်မှ ဒေါ်သက်သက်ဌေးအပေါ် ဆက်လက်သည်းခံစောင့်ဆိုင်းပေးလိုစိတ် မရှိတော့သောကြောင့် ဒေါ်သက်သက်ဌေးအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်မထံ ပေးဆပ်ရမည့် ငွေကျပ် (၃၂၅,၀၀၀၀၀ိ/ -) ကို ကျွန်မထံသို့ မပျက်မကွက်လာရောက်ပေးဆပ်ပါရန်နှင့် အကယ်၍ ဒေါ်သက်သက်ဌေးဘက်မှ လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ခဲ့ပါက ကျွန်မ ရမည့်ငွေနှင့်ပတ်သက်၍ ဒေါ်သက်သက်ဌေးအပေါ် ဥပဒေအရသာ ဆောင်ရွက်သွားရတော့မည်ဖြစ်ပါကြောင်း ဒေါ်သက်သက်ဌေး သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ရီ**
**(အသိပေးကြေညာသူ)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃-လမ်း၊ ၁၀၂(အေ) လမ်းx ၁၀၇ လမ်းကြား၊ မင်္ဂလာကွန်ဒိုမီနီယံ တိုက်ခန်း၊ (၃-A)လွှာ၊ အခန်းအမှတ်(၁၅) တိုက်ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်များ အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးရဲမင်းကျော် (ဘ) ဦးကျန်ရှုနန်း(ခ)မင်းနိုင် (၁/ရကန(နိုင်)၀၄၅၈၉၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက၊ ဤကြေညာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းဝင်းမော် (စဉ်-၉၂၄၀)** **ဦးကျင်မောင်ထွေး (စဉ်-၁၂၅၀၂)**

**(တရားလွှတ်တော်ရှေ့နေများ)**

**၃၂(ဘီ)လမ်း၊ ၇၀x၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**

**ဖုန်း- ၀၉-၂၀၃၆၆၅၂ ၊ ၀၉-၉၆၀၄၆၁၂၂၄**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/5753 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/2324 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်- ၅၊ နည်းဥပဒေ -၂၀ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၁၆

ဒေါ်လီးချုံစီး **နှင့်** ဒေါ်ခင်ဝင်း

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက် ၊ အကွက်အမှတ် (ပပ-၈)၊ ၁၃၄ x ၁၃၅ လမ်းကြား၊ ၆၂ x ၆၃ လမ်းကြား နေ ဒေါ်ခင်ဝင်း (ဘ) ဦးအောင်သိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ခင်ဝင်း သင့်အပေါ်၌ တရားလိုဒေါ်လီးချုံစီးက ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (အ-၁၈)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ဝင်း အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ပေ (၂၀ x ၆၀) အကျယ်အဝန်းရှိမြေကွက်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်(၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာချုပ်စာတမ်း များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ အထက မဲဇလီကုန်း Grade (12) မှ မောင်သက်ကိုဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးသူ ၈/မမန(နိုင်)၁၇၅၉၀၃ ဖြစ်ပါကြောင်း။

**ဦးကျော်မျိုးသူ**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၄)ရပ်ကွက်နေ (ဘ) ဦးသန်းဌေး ၇/ကတခ(နိုင်)၀၆၉၇၂၅ ၏ သမီးဖြစ်သူ မခင်မို့မို့ဌေး အားယနေ့မှစ၍ မငြိမ်းနွေဦးအောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်(36W/61848) Kenbo -110 ယာဉ်လက်ဝယ်ရှိသူ Aung KanBo Co;ltd က ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန် ။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်(82W/47809) Dayang- 125 ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co;ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် (77W/90812), Dayang-125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်ဦး (၈/ စလန(နိုင်) ၁၀၂၃၂၈) က ကမ-၃ ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန် ။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆၄

ဦးကျော်လှိုင် **နှင့်** ဒေါ်သန်းတင်

တရားလို တရားပြိုင်

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် (ည)ရပ်ကွက် ၊ အကွက်အမှတ် (လလ-၃၈ )၊ ဦးပိုင်အမှတ် (၂၀)နေ ဒေါ်သန်းတင် (ဘ) ဦးဘိုးသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်သန်းတင် သင့်အပေါ်၌ တရားလို ဦးကျော်လှိုင်က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက် ၊ အကွက်အမှတ် ( နန-၂၁ ) ၊ ဦးပိုင်အမှတ် (၃၇) ၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဒေါ်သန်းတင် အမည်ပေါက် ဂရန်မြေကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီ တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှု လိုသည့် (၁) စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၆၇

**ကွယ်လွန်သူ ဦးထွန်းမြ ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းမြ၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ကြည်နွဲ့ က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် )တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းမြ ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ၊ ၁၁ ရက်(၁၃၈၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးအား ဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ကြည်နွဲ့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်ဇင်)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/7216 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/8838 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ် (၃၁၀)၊ ၃၀-၃၁လမ်းကြား၊ အောက်ကမ်းနားလမ်းနေ ဦးကျော်ဇင်အောင် (ဘ) ဦးကျော်မြိုင် (၉/စကန(နိုင်)၀၈၃၇၅၂) ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ Fox-Express Mandalay ( Delivery Services) လုပ်ငန်းနှင့် ပတ်သက်၍ ဦးကျော်ဇင်အောင် အမည်ဖြင့် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနမှ လိုင်စင်အမှတ် (025610010289) ဖြင့် တရားဝင် လုပ်ငန်းလိုင်စင်ချထားပေးသော လုပ်ငန်းဖြစ်ပါသည်။ ထိုလုပ်ငန်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ လုပ်ငန်းပိတ်သိမ်းသည်ဆိုသော သတင်းအမှားအချက်အလက်များအား (Social Media) ပေါ်တွင် တင်ခြင်းများ မပြုလုပ်ကြရန်နှင့် ဆက်လက်၍ ပြုလုပ်နေပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဇင်အောင် (ဘ) ဦးကျော်မြိုင်** **ဒေါ်လွင်မွန်စိုး( LL.B)**

**၉/ စကန(နိုင်)၀၈၃၇၅၂** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၈၇)**

**ဖုန်း-၀၉-၄၀၂၅၇၈၉၀၃**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက (၁၁) Grade-11 (C)မှ မောင်လင်းထက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးမင်းဇော် ဖြစ်ပါကြောင်း။

**ဦးစိုးမင်းဇော်**
**၉/မသန(နိုင်)၂၁၇၈၆၄**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ ကံတွင်းအုပ်စု၊ ရင်ငွေ့ကျေးရွာနေ မောင်လင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းဇော် ၉/မသန (နိုင်) ၂၁၇၈၆၄ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/13719 Honda Click-150 ယာဉ်လက်ဝယ်ရှိသူ ဦးရဲဇာနည်ဆွေ ၁/ဗမန(နိုင်) ၁၃၃၈၃၂ က မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/1613 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၆၉)၊ ဘုရားကြီးတောင် ဘက်အကွက်၊ ဦးပိုင်အမှတ်(၈၀)၊ မြေဧရိယာ (၀.၀၈၈) ဧကရှိမြေကွက်အား အရှေ့ဘက် - ဦးပိုင်အမှတ် (၈၉)၊ အနောက်ဘက်- မင်းလမ်း၊ တောင်ဘက် - ဦးပိုင်အမှတ် (၇၉ +၉၀က)၊ မြောက်ဘက် - ဦးပိုင်အမှတ် (၈၁)ရှိမြေကို ( ဘိုးဘပိုင် / မြေပိုင်အခွင့် အရေးရရှိထားသော မြေအမည်ပြောင်း) ပေးရန် ဒေါ်နွေးထွေးဟန်နီ မှ လျှောက်ထားလာသည့်အတွက် ဒေါ်နွေးထွေးဟန်နီ၏ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလ အတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**သထုံမြို့နယ်မြေစာရင်းဦးစီးဌာန**
**သထုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/31176 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၉/မနတ(နိုင်) ၀၈၂၂၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/5106 ၏ ဖောင်းကြွနံပါတ်ပြား (၂)ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(အေ)၊ တိုက်အမှတ် (အေ-၅)၊ အခန်းအမှတ်(၃၁၆)၊ တိုက်ခန်းအမျိုးအစား (3-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ(၁၁၈၅) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဦးစိုးရည် ၁၂/ဒလန(နိုင်) ၀၃၉၄၃၅ နှင့် ဒေါ်ဖြူဖြူအေး ၁၂/ဒလန(နိုင်)၀၂၇၄၃၅ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ရူပါဝင်း ၁၂/တမန(နိုင်)၁၁၅၄၆၁**

**ဖုန်း-09-740018457**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(ဘီ)၊ တိုက်အမှတ် (ဘီ-၁)၊ အခန်းအမှတ်(၄၀၅)၊ တိုက်ခန်းအမျိုးအစား (2-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၉၃၈) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးမောင်မောင်ရာဇာကျော် ၁၂/မရက(နိုင်)၀၁၂၇၅၅ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍(၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိမ့်မြတ်နိုးဇော်**
**၁၂/ဒဂတ(နိုင်)၁၁၇၃၀၀**
**ဖုန်း-၀၉ ၉၆၄၅၀၀၁၂၇**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းလုံခမ်း (၁၃/ကတန (နိုင်) ၁၉၉၇၉၃) ၏ ပတ်စ်ပို့နံပါတ် (MC–206423) DATE OF ISSUE (23.5.2017) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းပေးပါရန်။

ဖုန်း–၀၉–၄၂၈၂၁၅၄၀၇

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/4914 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/44719 Zong Shen ZS –110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းလှိုင် ၁၃/ကမန(နိုင်)၀၆၈၈၄၅ က မှတ်ပုံတင် စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15W/98034၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မိုးခိုင် ၉/မမန (နိုင်)၀၀၂၅၁၃၈က (ကမ–၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်ထားများဖြင့် ကြေညာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 38W/99084 Hi Bo Bo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဝင်း ၂/လကန(နိုင်) ၀၄၇၃၆၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ကယားပြည်နယ်ရုံး (လွိုင်ကော်)

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/60629 Follow Me 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအိ ၂/လကန(နိုင်)၀၃၀၈၇၉ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ကယားပြည်နယ်ရုံး(လွိုင်ကော်)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၆ –၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေး ပစ္စည်းများကို သတ်မှတ် စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး တည်ဆောက်ရေး(၅) ငွေစာရင်းဌာနစိတ်နှင့် ဖုန်း–၀၉– ၂၅၆၂၆၀၀၄ ၊ ၀၉– ၇၈၆၂၅၆၉၄၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာတစ်စောင်လျှင် ပစ္စည်းတန်ဖိုး အပေါ်မူတည်၍ သတ်မှတ်နှုန်းဖြင့် ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၅)၊ ပျဉ်းမနားမြို့ ငွေစာရင်းဌာနစိတ်တွင် ဝယ်ယူနိုင်ပါသည်။

၃။ (က) **တင်ဒါအဆိုပြုလွှာစတင် ရောင်းချမည့် ရက်/အချိန်** – ၃ – ၁၁ – ၂၀၂၆ ရက် (ရုံးဖွင့်ရက် – ရုံးချိန်အတွင်း)
(Profile အထောက်အထားများ တင်ပြရမည်။)
( ခ) **လျှောက်လွှာ အရောင်းပိတ်မည့်ရက်** – ၁၁– ၁၁ –၂၀၂၆ ရက် ညနေ ၄:၃၀ နာရီ
( ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** – ၁၇– ၁၁ –၂၀၂၆ ရက် နံနက် ၁၀:၀၀ နာရီ
(ဃ) **တင်ဒါဖွင့်ဖောက်စိစစ်မည့် နေရာ** – ညွှန်ကြားရေးမှူးရုံးဝင်း (ဓမ္မာရုံ)၊ ဘဲကုန်းဝင်း၊ တည်ဆောက်ရေး(၅)၊ ပျဉ်းမနားမြို့

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊**
**တည်ဆောက်ရေး(၅)၊ ပျဉ်းမနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄–ကံဘဲ့)၊ မြေကွက်အမှတ်(၁၁၇/ပ)ဟုခေါ်တွင်သော အကျယ်အဝန်း (၀.၀၉၆) ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇)၊ အဝေရာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော နေအိမ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးဘိုကြီး ၁၂/ဥကတ (နိုင်)၂၂၃၉၃၂၊ ဒေါ်စွယ် (ခ)ဒေါ်တင်တင်စော ၁၂/ဥကတ(နိုင်)၀၅၁၂၇၂ အမည်ပေါက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူများဖြစ်ကြသော ဦးဘိုကြီး၊ ဒေါ်စွယ်(ခ)ဒေါ်တင်တင်စောတို့မှ ၎င်းတို့၏သားအရင်းဖြစ်သူ (သားအလတ်) ဦးမျိုးနိုင်ဘို ၁၂/ဥကတ(နိုင်)၀၅၆၀၃၇ အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ် ချုပ်ဆို၍ အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါသောကြောင့် အဆိုပါ ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက် မည့်သူမရှိပါက မေတ္တာဖြင့်အပိုင် ပေးကမ်းခြင်းစာချုပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်သက်လှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၆၀၆)**
**အမှတ်(၂၈၂)၊ မင်းခေါင်–၁ လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း–၀၉–၄၂၁၁၃၁၉၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ် က + ခ ရပ်ကွက် ၊ က (၇) လမ်း ၊ မြေတိုင်းရပ်ကွက် အမှတ်– မြို့သစ် (က) ၊ မြေကွက် (၆၁၆/က) ၊ အမှတ် – ၂၁၃၊ (၆)လွှာ ၊ ( ၁၈ x ၅၄ ) ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးဆီဘား(ခ)သိန်းဇော် ၁၂/လမန (နိုင်)၁၇၀၉၈၂ ထံ မှ ကျွန်ုပ်၏မိတ်ဆွေ ဦးစောသီဟထွန်း ၉/ပမန(နိုင်)၂၆၆၂၄၅ ၊ ဒေါ်မီမီကျော်ဟိန်း ၁၄/ကပန (နိုင်)၁၈၇၂၇၁ တို့က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက် စာတမ်းမူရင်း အပြည့်အစုံဖြင့် (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းထက်(LL.B, D.B.L)၊ တရားလွှတ်တော်ရှေ့နေ( စဉ် – ၁၁၈၈၅ )**
**တိုက် – (၁၀/၁၂) ၊ အခန်း(၁၀၄/F) ပထမထပ်၊၃၅ လမ်းတို ၊**
**ကျောက်တံတားမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ်(၄၆၁)န ဒေါ်မျိုးမျိုးလင်း ၁၁/မအန(နိုင်)၀၂၆၃၀၄ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဦးဇော်မင်းဦးနှင့် ဒေါ်မျိုးမျိုးလင်းတို့သည် (၂၀–၉–၂၀၀၈) ရက်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး သားကြီး မောင်အဂ္ဂမင်းသစ် (၁၅)နှစ်နှင့် သားငယ် မောင်ညီမင်းနောင်(၁၂)နှစ် တို့အား မွေးဖွား ထွန်းကားခဲ့ပါသည်။

ဒေါ်မျိုးမျိုးလင်းတို့၏မိသားစုနှင့်ပတ်သက်၍ ဒေါ်ခင်ဆွေဦး၏ သမီးဖြစ်သူ မဇွန်သော်သော်ဦးမှ EliNa Cetra အကောင့်ဖြင့် ဒေါ်မျိုးမျိုးလင်းတို့၏ မိသားစုပုံများကို အသုံးပြု၍ Social media တွင် မိသားစု ဂုဏ်သိက္ခာကျဆင်းအောင် ရေးသား ပြောဆိုခြင်းများ ပြုလုပ်နေသဖြင့် ဒေါ်မျိုးမျိုးလင်းတို့၏ မိသားစု ဂုဏ်သိက္ခာများ ကျဆင်းလျက်ရှိနေပါသည်။ ဤသတင်းစာပါသည့်ရက်မှစ၍ ဒေါ်မျိုးမျိုးလင်းတို့၏ မိသားစုနှင့်ပတ်သက်၍ Social media ပေါ်တွင် ဂုဏ်သိက္ခာကျဆင်းအောင် ရေးသားပြောဆိုခြင်း၊ Comment ပေးခြင်းတို့ ဆက်လက်မပြုလုပ်ပါရန်နှင့် အကယ်၍ ဆက်လက်လုပ်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်၊

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်မျိုးမျိုးလင်း** | **ဦးဆန်းဝင်း (LL.B)** |
| **(၁၁/မအန(နိုင်)၀၂၆၃၀၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၀၂၂)** |
| | **အမှတ်(၁၇၀၄)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇၁)** |
| | **ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉–၆၆၀၅၅၇၁၅၆** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၈၄

ဒေါ်ဆိုက်ရင် (ခ)ဒေါ်ညိုညိုစမ်း နှင့် တပ်ကြပ်ကြီး ကျင်လျှံကပ်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ–၁၀/ ၁၇)နေ တပ်ကြပ်ကြီးကျင်လျှံကပ် (ဘ)ဦးလျှင်ကျင်ဟောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဆိုက်ရင်(ခ)ဒေါ်ညိုညိုစမ်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ–၇)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၀.၁၅၅) ဧက အကျယ်အဝန်းရှိ တပ်ကြပ်ကြီးကျင်လျှံကပ် အမည်ပေါက် ဂရန်မြေကွက်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## တာချီလိတ်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၅

**ကွယ်လွန်သူ ဒေါ်မီဒေး ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

တာချီလိတ်မြို့၊ အမှတ် ၄/၇(ခ)ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်မီဒေး၏ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် လျှောက်ထားသူ မမီစော(ခ) မဆွေဇင်သီရိက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မီဒေး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်မီစော(ခ)မဆွေဇင်သီရိ ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်သူရ)
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/ဘီ၊ မြေကွက်အမှတ် ၁၈၇၊ မြေကွက်တည်နေရာ အမှတ် (၁၈၇)၊ အကောက်ခွန်(၇)လမ်း၊ (၃၉/ဘီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးစောနယူတန်) (AS-၀၁၆၁၄၁) အမည်ပေါက် နှစ် ၆၀ မြေငှား(ဂရန်)မြေအား အမည်ပေါက် ဦးစောနယူတန် (AS-၀၁၆၁၄၁) (ဖခင်) နှင့် ဒေါ်လောရာ (မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်နော်ညိုညိုစိမ့် (၁၂/မရက(နိုင်)၀၂၀၄၆၄) မှ ၎င်းသည်သာ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသောသမီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမမွေးစားသား/သမီးလည်းမွေးစားထားခြင်းမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကွယ်လွန်သူမိဘများသည် ခရစ်ယာန်ဘာသာကိုးကွယ်သူများဖြစ်သော်လည်း မသေဆုံးမီ မည်သည့်သေတမ်းစာ တစ်စုံတစ်ရာကိုမျှ ရေးသားခဲ့ခြင်းမရှိပါကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(အေ)၊ တိုက်အမှတ် (အေ–၁)၊ အခန်းအမှတ်(၃၁၈)၊ တိုက်ခန်း အမျိုးအစား ( 2–Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၉၀၅) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းကြည် (၁၂/ဗဟန(နိုင်)၀၀၆၇၄၁)နှင့် ဦးဇော်မောင်မောင်ကျော် (၁၂/တမန (နိုင်)၀၁၀၃၆၉၅)တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယခုကြော်ငြာပါသည့်ရက် မှစ၍ (၇) ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးတင့်**
**၁၂/ဒဂန(နိုင်)၀၂၇၀၆၅**
**ဖုန်း–၀၉ –၈၈၅၀၁၅၇၉၆**

## အများသိစေရန် ကြေညာခြင်း

Asia Planet Travel & Tour Company Ltd. ၏ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ကုမ္ပဏီလိုင်စင်အမှတ် – T/I(YGN)–3167 အရ လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်နေသော ဒေါ်ပွင့်ဖြူနေရာတွင် ဒေါ်သဉ္ဇာထွန်း အား ဒါရိုက်တာ အဖြစ် ပြောင်းလဲခန့်အပ်ခြင်းနှင့် ကုမ္ပဏီရုံးလိပ်စာအား ယခင်လိပ်စာအသံလွင့်ရုံလမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးမှ ယခုလိပ်စာ No.1A–56၊ မြသီတာအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ပြောင်းလဲသတ်မှတ်ခြင်းတို့အား အများသိရှိစေရန် ကြေညာအပ်ပါသည်။

အဆိုပါ ဒါရိုက်တာအမည်နှင့်ကုမ္ပဏီရုံးလိပ်စာ ပြောင်းလဲခြင်းတို့နှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာအထောက်အထားများနှင့်တကွ ဤကြော်ငြာပါရှိသည့် ရက်မှစ၍ (၁၄) ရက်အတွင်း Asia Planet Travel & Tour သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Asia Planet Travel & Tour**
**No.1A–56၊ မြသီတာအိမ်ရာ၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

